တပေါ်စ ဇတံ မင်္ဂလ မုတ္တမံ၊ ဖြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၅ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၆ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၉၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ယနေ့ထုတ်ဓာင်ရေ — ၂၀၁၀၂၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်တကောင်းမြို့ စက်မှုဇုန်နှင့်ဇီယာအမှတ်တရပြတိုက်ကြည့်ရှုလေ့လာ

ရန်ကုန် မေ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr.˚ M. Morshed Khan လိုက်ပါလျက် မေ ၆ရက် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်တကောင်းမြို့ ပို့ကုန်ထုတ်လုပ်ရေးဇုန်(EPZ)စီမံခန့်ခွဲရေးရုံးသို့ ရောက်ရှိလာရာ Bangladesh ˚Export ˚Processing Zoneများ၏ Executive Chairman, Brig-Gen. MD. Zakir Hossain(Retd)နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

<u>**ပဏာမရှင်းလင်း**</u>

ရှေးဦးစွာ ရှင်းလင်းခန်းမ၌ Bangladesh Export Processing Zone များ၏ Executive Chairman, Brig-Gen. MD. Zakir Hossain (Retd)က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Bangladesh Export Processing Zone များ၌ ဆောင်ရွက်နေသည့် စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေးဆောင်ရွက်ချက်နှင့်ပတ်သက်၍ ပဏာမရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်တကောင်းမြို့ Export Processing Zone, General Manager, Mr. A. M. M Shamsuddin Chowdhury က စစ်တကောင်း Export Processing Zone နောက်ခံသမိုင်း၊ စစ်တကောင်းစက်မှုဇုန်၏ ပင်မစီမံကိန်းဆိုင်ရာအချက်အလက်များ၊ စစ်တကောင်းစက်မှုဇုန်၏

စာမျက်နှာ ၇ ကော်လံ ၁ ✡

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား စစ်တကောင်းမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံနိုင်ငံခြားရေးဝန်ကြီး Mr.˚ M. Morshed Khan နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ စစ်တကောင်းမြို့ရှိ ဇီယာအမှတ်တရပြတိုက်တွင် ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဧပြီလ ၉ ရက်)

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး ဗွဲ၊ သတ္တိ၊ ကျွမ်းကျင်မှုအရင်းခံ၍ ကြိုးပမ်းဆောင်ရွက်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာရေးတွင် လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်လိုအပ်သည်။ လူနေမှုအဆင့် မြင့်မားလာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ပမာဏ ကြီးမားလာသည်။ တိုးတက်ပြောင်းလဲလာသော အခြေအနေများနှင့်အညီ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်က အားထုတ်ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **တတိယငါးနှစ်စီမံကိန်းကာလ ၂၀၀၁-၂၀၀၂မှ ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ ထပ်မံတိုးချဲ့ရရှိအောင်ဆောင်ရွက်ရန်နှင့် ယင်းသို့ ဆောင်ရွက်ရာ၌ ပေါကြွယ်ဝသော ရေအရင်းအမြစ်များကို အခြေခံ၍ လုပ်ကိုင်ဆောင်ရွက်ရန်** လမ်းညွှန်မှုပြုထားသည်။

ရေအားလျှပ်စစ်စီမံကိန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက် လျှပ်စစ် စွမ်းအားဝန်ကြီးဌာနအောက်၌ ရေအားလျှပ်စစ်ဦးစီးဌာနကို သီးခြားဖွဲ့စည်းပေးထားသည်။ ထို့အပြင် လျှပ်စစ် စီမံကိန်းများကို ဦးဆောင်ကြပ်မတ် အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်း ဦးဆောင်ကော်မတီနှင့် နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီ တို့ကို ဖွဲ့စည်းပေးပြီး အလေးထားဆောင်ရွက်လျက်ရှိသည်။

မူးမြစ်ပေါ်ရှိ သဖန်းဆိပ်ရေလှောင်တမံ၌ မဂ္ဂါဝပ် ၃၀ အင်အားရှိသည့် ရေအားလျှပ်စစ်စက်ရုံကို တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

ပဲခူးမြစ်ပေါ်၌ ဇောင်းတူရေလှောင်တမံတည်ဆောက်၍ ဇောင်းတူရေအားလျှပ်စစ်စက်ရုံကို တည်ဆောက်ခဲ့သဖြင့် တစ်လုံးလျှင် ၁၀ မဂ္ဂါဝပ်အင်အားရှိ စက်နှစ်လုံးဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေသည့်အပြင် ပဲခူးမြို့ပတ်ဝန်းကျင် ရေကြီးနစ်မြုပ်မှုကို ကာကွယ်နိုင်ပြီး လယ်ယာမြေများကိုလည်း ရေပေးဝေနိုင်လျက်ရှိသည်။

ဇော်ဂျီမြစ်ရိုးတစ်လျှောက်၌ တပ်ကြီး၊ ဇော်ဂျီ(၁)၊ ဇော်ဂျီ(၂)စသည့် အသေးစားနှင့်အလတ်စား ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ခဲ့ပြီးဖြစ်သည်။ တပ်ကြီးစက်ရုံမှ ၁ဒသမ၂မဂ္ဂါဝပ်၊ ဇော်ဂျီ(၁) စက်ရုံမှ ၁၈မဂ္ဂါဝပ်၊ ဇော်ဂျီ(၂)စက်ရုံမှ ၁၂မဂ္ဂါဝပ် ထုတ်လုပ်နိုင်စွမ်းရှိသည်။ ရေအားလျှပ်စစ် ထုတ်လုပ်ရုံမျှသာမက စိုက်ပျိုးရေအတွက်ပါ အကျိုးပြုလျက်ရှိသည်။

ပန်းလောင်းမြစ်ပေါ်တွင် လျှပ်စစ်ဓာတ်အား ၅၆မဂ္ဂါဝပ်ထုတ်လုပ်နိုင်သော ကင်းတားရေအားလျှပ်စစ်စက်ရုံကို တည်ဆောက်ခဲ့သည်။

ဒုဌဝတီ(သို့မဟုတ်)မြစ်ငယ်မြစ်၏ မြစ်ရေကို အသုံးချရန်အတွက် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကြီးကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။ မန္တလေး၊ ပြင်ဦးလွင်နှင့် ကျောက်ဆည်မြို့နယ်သုံးမြို့နယ်ဆုံရာ မြစ်ငယ်မြစ်ပေါ်၌ ရေလှောင်တမံတည်ဆောက်၍ စက်လေးလုံးဖြင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၈၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ အကြီးဆုံးရေအားလျှပ်စစ်စီမံကိန်းကြီးလည်း ဖြစ်သည်။

ရွှေလီရေအားလျှပ်စစ်စီမံကိန်းကို ရွှေလီမြစ်ပေါ်၌ တည်ဆောက်လျက်ရှိရာ စက်ရုံတွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၁၀၀စီ ထုတ်လုပ်နိုင်အားရှိသော စက်လေးလုံး တပ်ဆင်သွားမည်ဟု သိရသည်။ မဟာဓာတ်အားလိုင်းဝင် အကြီးစားစီမံကိန်းဖြစ်သည်သာမက လောပိတနှင့် ပေါင်းလောင်းစက်ရုံတို့ထက် ဓာတ်အားပိုမိုထုတ်လုပ်ပေးမည့် စီမံကိန်းဖြစ်သည်။

မုန်းချောင်း၏ ၇၅မဂ္ဂါဝပ်ဓာတ်အားထုတ်လုပ်မည့် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်မှုမှာလည်း ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဟု သိရသည်။

ထို့ပြင် စစ်တောင်းမြစ်ဝှမ်း၌ ပေါင်းလောင်းစီမံကိန်း၊ ရွှေကျင်စီမံကိန်း၊ သောက်ရေခပ်စီမံကိန်း၊ ဘောဂထ စီမံကိန်း၊ ခပေါင်းစီမံကိန်း၊ ကွန်းစီမံကိန်း၊ ဖြူးစီမံကိန်း၊ ရဲနွယ်စီမံကိန်း၊ ပသိစီမံကိန်းစသည့် ရေအား လျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သံလွင်မြစ်ဝှမ်း၌ အကျုံးဝင်သော ကျိုင်းတောင်းစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိပြီး တာဆန်းစီမံကိန်းမှာ တိုင်းတာနေဆဲဖြစ်သည်။

ချင်းတွင်းမြစ်ဝှမ်းတွင်လည်း ထမံသီစီမံကိန်း၊ ဟုမ္မလင်းစီမံကိန်း၊ မော်လိုက်စီမံကိန်း၊ ရွှေစာရေးစီမံကိန်း စသည်ဖြင့် ရေလှောင်တမံအဆင့်ဆင့်ဖြင့် ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်အကောင်အထည် ဖော်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက်နိုင်ငံတော် အစိုးရက အလေးထား အကောင်အထည်ဖော်လျက်ရှိသည့်အလျောက် တာဝန်ရှိသူအသီးသီးက ဗွဲ၊ သတ္တိ၊ ကျွမ်းကျင်မှုတို့ကိုအရင်းခံ၍ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆွမ်းဆန်စိမ်း လောင်းလှူမည်

ရန်ကုန် ဧပြီ ၈

မြောင်းမြမြို့နယ်တွင် ၁၃၆၆ခုနှစ် နှစ်ဆန်းတစ်ရက် (ဧပြီ ၁၇ရက်)နေ့၌ (၆၉)ကြိမ် မြောက်မြို့နယ်လုံးဆိုင်ရာ မဟာ သံဃာ့ဒါန ဆွမ်းဆန်စိမ်း လောင်းလှူပွဲတော်ကြီးကို အစဉ်အလာမပျက်ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ဆွမ်းဆန်စိမ်းလောင်းလှူလိုသော အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ အလှူငွေ လှူဒါန်းလိုပါလျှင် နာယက ဦးတင်လှ ဖုန်း-၀၄၂-၇၀၄၂၈၊ ဥက္ကဋ္ဌ ဦးလှအေး ဖုန်း-၀၄၂-၇၀၃၅၆ မြောင်းမြမြို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းနှင့် ကျောင်းပေါင်း ၃၄၃ကျောင်းမှ သံဃာအပါး ၂၆၀၀ အလှူခံမည်ဖြစ်ကြောင်း သိရသည်။ **(၃၈၈)**

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် ဧပြီ ၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဦးစိုးလှိုင် စက်ရုံမှူး ရွှေတောင်အဆင့်မြင့်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ မြန်မာ့အထည်အလိပ်လုပ်ငန်း အမှတ်(၁)စက်မှုဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စားသောက်ကုန်လုပ်ငန်း အမှတ်(၁)စက်မှုဝန်ကြီးဌာန
(ခ)	ဦးကျော်ညွန့် ညွှန်ကြားရေးမှူး ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး အလုပ်သမားဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီရုံး အလုပ်သမားဝန်ကြီးဌာန

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် ဂျပန်နိုင်ငံမှပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၈

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဘဒ္ဒန္တ ဒေါက်တာ ဉာဏိဿရနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့သည် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးအတွက် ဂျပန်နိုင်ငံ၌ ကျင်းပသည့် ကြိုတင်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယမန်နေ့ညပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြသည်။

အဆိုပါ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဘဒ္ဒန္တ ဒေါက်တာဉာဏိဿရ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အုပ်ချုပ်ရေးမှူး ဆရာတော် ဘဒ္ဒန္တ မဟောသဓ ပဏ္ဍိတ၊ လက်ထောက်ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တ ဩသဓ၊ လက်ထောက်မော်ကွန်းထိန်းဆရာတော် ဘဒ္ဒန္တ ပညာဇောတ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ် ကြည်အောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရ အောင်ကို၊ အကြံပေးပုဂ္ဂိုလ်ဦးအုံ့မောင်၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူးနှင့် ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ သီတဂူ သာသနာပြုအဖွဲ့(အောက်မြန်မာပြည်) အတွင်းရေးမှူး ဦးဟန်နှင့်အဖွဲ့ဝင်များ၊ သီတဂူ ဆရာတော်၏ တပည့်သာဝကများနှင့် ဒါယကာ ဒါယိကာမများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုဖူးမြော်နှုတ်ဆက်ကြသည်။

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့နှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသည့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမြင့်လည်း ပြန်လည်လိုက်ပါလာသည်။

(သတင်းစဉ်)

ဧပြီ ၆ ရက်က ရန်ကုန်တိုင်း လှိုင်မြို့နယ် ဘုန်းတော်ကြီးသင် ပညာရေး အခြေခံပညာမူလတန်းဆင့် ဘာသာရပ်ဆိုင်ရာသင်ကြားရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို လှိုင်မြို့နယ် ကြံခင်းဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင်ကျင်းပရာ မြို့နယ်ဘုန်းတော်ကြီးသင် ပညာရေးဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဣန္ဒက၊ အတွင်းရေးမှူး ဆရာတော် ဘဒ္ဒန္တ တိက္ခာစာရ ဆရာတော်နှင့် မြို့နယ် ပညာရေးမှူး ဒေါ်ကြူကြူရွှေတို့က သင်တန်းကို ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

နှစ်ဆန်းတစ်ရက်နေ့သွေးလှူနိုင်

ရန်ကုန် ဧပြီ ၈

မြန်မာ့သက္ကရာဇ် ၁၃၆၆ ခု နှစ်ဦးတန်ခူးလပြည့်ကျော် ၁၃ရက် ဧပြီ ၁၇ရက်တွင် ကျရောက်သော မြန်မာ့နှစ်သစ်ကူး (နှစ်ဆန်းတစ်ရက်)တွင် စေတနာသွေးလှူရှင်များ ကုသိုလ်ယူ သွေးလှူဒါန်းနိုင်ရေးအတွက် ရန်ကုန် ပြည်သူ့ဆေးရုံကြီးရှိ အမျိုးသားသွေးလှူဌာန(ဗဟိုအမျိုးသားသွေးလှူဘဏ်)ကို နံနက်၉နာရီမှ မွန်းလွဲ ၁နာရီအထိ ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်၍ စေတနာသွေးလှူရှင်များ စိတ်ချမ်းမြေ့စွာသွေးလှူဒါန်းနိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မတ် ၂၆ရက်က အမက(၉) ဒေါပုံ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ချီးမြှင့်ပွဲ ကျင်းပရာ စတုတ္ထတန်းမှ မောင်အောင်ရတနာမိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းဦးက သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (က-ပ)

တရားဟောကြားမည်

ရန်ကုန် ဧပြီ ၈

ကျမ်းပြုအကျော် မလွန်ဆန်လှူ အသင်း၏ နယ်လှည့်ဓမ္မကထိက အရှင်ဇဝန(ပဲခူး)အရှင်မြတ်သည် ဧပြီ ၁၁ရက်တွင် မြောင်းမြမြို့ အမှတ် ၆၂ အောင်သပြေ ၁လမ်း သူဌေးကုန်း ရပ်ကွက် အမှတ် ၉နယ်မြေ ဦးတိုးနိုင်မိုး-ဒေါ်မာလာလွင်တို့၏မိဘများဖြစ်ကြသော ဦးစံမြင့်-ဒေါ်စန်းရွှေတို့၏ ပုနောပသမ္ပဒကံဆောင် ရှင်ပြုအလှူ မင်္ဂလာမဏ္ဍပ်၌ နိဗ္ဗာန်ရောက်ကြောင်း တရားဓမ္မများ ဟောကြားတော်မူမည် ဖြစ်ကြောင်းသိရသည်။

(က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

▶ ကျောဖုံးမှ

ဆေးရုံဖွင့်ပွဲတက်ရောက်

အထူးကုဆေးရုံကြီး (ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မန္တလေးမြို့တော်ဝန်ဗိုလ်မှူးချုပ်ရန်သိမ်း၊ အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးတင်ဦးလွင်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မန္တလေးတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောက်ဆည်ခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထူးကုဆေးရုံကြီး(ကျောက်ဆည်)ဆေးရုံအုပ်ကြီး ဒေါက်တာမင်းကိုနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဘင်ခရာ၊ ပန်းဖွားနှင့်ကျောက်ဆည်ဆင်အကအဖွဲ့များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်တို့က အထူးကုဆေးရုံကြီး(ကျောက်ဆည်) ကိုဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အထူးကုဆေးရုံကြီး၏ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်းကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ကြိုးပမ်းတည်ဆောက်

ယင်းနောက် အထူးကုဆေးရုံကြီး အဝင် ခန်းမဆောင်၌ ဖွင့်ပွဲအခမ်းအနား အစီအစဉ်များကို ကျင်းပရာ ကျန်းမာရေး ကော်မတီ ဒုတိယ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့်ပြည်ထောင်စုတစ်ဝန်းတွင်ရှိသည့် မြို့နယ်များ၊ ခရိုင်များ၊ ပြည်နယ်/တိုင်းများ အားလုံး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသား ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု စွမ်းအားကိုရယူပြီး ကြိုးပမ်းတည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်ကို အားလုံးအသိဖြစ်ကြောင်း။

နယ်မြေဒေသအလိုက် ထူးခြားသည့် ဝိသေသလက္ခဏာများအပေါ် မှီတည်ပြီး လိုက်လျောညီထွေမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသအသီးသီး၌ ထူထောင်ပေးလျက်ရှိကြောင်း။

ဒေသဖွံ့ဖြိုးမှုအထောက်အကူပြု

ယနေ့ဖွင့်လှစ်သည့် ခုတင်(၂၀၀) ဆံ့ အထူးကု ဆေးရုံသစ်ကြီးသည် ကျောက်ဆည်ခရိုင်၌ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုထိရောက်စွာ ပေးနိုင်မည်ဖြစ်သည့်အပြင် တစ်ဖက်တစ်လမ်းကလည်း ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည် ဖြစ်ကြောင်းကို ဝမ်းမြောက်ဂုဏ်ယူစွာ ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ကြွားကြွားဖြင့် ရင်ပေါင်တန်း ရပ်တည်နိုင်သည့် နိုင်ငံတော်ကြီးဖြစ်စေရေးအတွက် ဘက်စုံကဏ္ဍစုံ ပြုပြင်ပြောင်းလဲ တည်ဆောက်မှုများကို မနားမနေ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

အထူးဦးစားပေး

အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျကျန်နေခဲ့ရသည့် နယ်စပ်အစွန်အဖျားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို နယ်စပ်ဒေသများ ဖွံ့ဖြိုးရေး အထူးစီမံကိန်းချမှတ်ပြီး ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်၏ အချက်အချာကျသည့် ဒေသများတွင်လည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အခြေခံ အဆောက်အအုံများဖြစ်သော တက္ကသိုလ်၊ ကောလိပ်များ၊ ဆေးရုံကြီးများ၊ ဆည်မြောင်း တာတမံများ၊ တံတားများကိုအထူးဦးစားပေး တည်ဆောက်ပေးခဲ့ကြောင်း။

တစ်နည်းအားဖြင့် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုကို သတ်မှတ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထူထောင်ပေးခြင်းဖြစ်ကြောင်း၊ အလားတူပင် ပြည်သူအများစုနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက်လည်း လုပ်ငန်းစဉ်ငါးရပ်ချမှတ်ပြီး ဆက်စပ်အကောင်အထည်ဖော်လျက်ရှိကြောင်း။

မျှမျှတတဖွံ့ဖြိုးမည်

ထို့ကြောင့် ယခုဆိုလျှင် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးမှုလုပ်ငန်းများသည် ကွက်လပ်မကျန် ကွင်းဆက်မိမိ ပေါ်ထွက်လာနေပြီ ဖြစ်ကြောင်း၊ ကျောက်ဆည်မြို့၌ရှိသည့် စက်ရုံအလုပ်ရုံများ၊ ဆေးရုံများ၊ တံတားများနှင့်မြို့ရေပေးရေးလုပ်ငန်းများသည်ဒေသတစ်ခုနှင့်တစ်ခုအကြားဆူကြုံနိမ့်မြင့် ကွာဟမှုများလျော့နည်းကျဆင်းပြီး ဒေသအားလုံး ဖြစ်နိုင်သမျှ မျှမျှတတ ဖွံ့ဖြိုးရမည့်ဆိုသည့် နိုင်ငံတော်မူဝါဒ၏အကျိုးဆက်များပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ကျန်းမာရေးကဏ္ဍတွင်လည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရမည်၊ သက်တမ်းစေ့ကျန်းမာစွာ နေနိုင်ရမည်ဆိုသည့် မွန်မြတ်မြင့်မားသောဦးတည်ချက်ဖြင့် အမျိုးသားကျန်းမာရေး စီမံကိန်းများချမှတ်ပြီး၊ စနစ်တကျဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျန်းမာရေး ဝန်ကြီးဌာနအောက်၌ ၁၉၈၈ ခုနှစ်မတိုင်မီက တက္ကသိုလ် လေးခုသာ ရှိခဲ့ပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)အပါအဝင် တက္ကသိုလ် ၁၀ခုထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်သည့်အတွက် ယခုဆိုလျှင် ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်စုစုပေါင်း ၁၄ ခုအထိဖွင့်လှစ်ကာ သင်ကြားလေ့ကျင့်ပေးနိုင်နေပြီဖြစ်ကြောင်း။

ထို့အပြင် ၁၉၈၈ ခုနှစ်မတိုင်မီက သူနာပြုသားဖွားနှင့်သူနာပြုနီးနွယ်သင်တန်းကျောင်းပေါင်း ၂၆ ကျောင်းသာရှိခဲ့သော်လည်း ယခု ၄၃ကျောင်းအထိတိုးချဲ့ဖွင့်လှစ်ပြီး သူနာပြုသားဖွားများကို တိုးတက်မွေးထုတ်ပေးလျက်ရှိနေပြီ ဖြစ်ကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့

အမျိုးသားကျန်းမာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ အထူးကုဆေးရုံကြီး(ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားတွင် အထူးကုဆရာဝန်ကြီးများ ၊ ဆရာဝန် ဆရာမများ၊ ဒေသခံများနှင့်စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း အထူးကုဆေးရုံကြီး(ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားတွင် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အထူးကုဆေးရုံကြီး(ကျောက်ဆည်)

မန္တလေးတိုင်း ကျောက်ဆည်မြို့၌ တည်ဆောက်ပြီးစီးသွားသည့် အထူးကုဆေးရုံကြီး(ကျောက်ဆည်)အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

အီရတ်ပြောက်ကျားများနှင့် အီတလီတပ်ဖွဲ့ဝင်များ နာဆီရီယာ၌တိုက်ပွဲဖြစ်ပွား

နာဆီရီယာ ဧပြီ ၇

အီရတ်နိုင်ငံတောင်ပိုင်းရှိ နာဆီရီယာမြို့တွင် အီရတ်ပြောက်ကျားများနှင့် အီတလီတပ်ဖွဲ့ဝင်များအင်္ဂါနေ့၌တိုက်ပွဲဖြစ်ပွားခဲ့ပြီး အရပ်သားနှစ်ဦးသေဆုံးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဖြစ်ပွား

ဓါတွန်အရပ်၌ ဖြစ်ပွားခဲ့သော တိုက်ပွဲမှာ နံနက် ၄ နာရီ၌ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး နံနက်ပိုင်းထိ ဆက်လက်ဖြစ်ပွားခဲ့ကြောင်း၊ အီတလီ မော်တော်ယာဉ်လေးစီးမီးလောင်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

မျက်မြင်တွေ့ရှိသူများက အပြန်အလှန်ပစ်ခတ်မှုအတွင်း အရပ်သားနှစ်ဦးသေပြီး လေးဦးဒဏ်ရာရခဲ့ကြောင်း၊ ထို့ပြင် ပြည်သူ့စစ်နှစ်ဦးလည်း ဒဏ်ရာရကြောင်း ပြောဆိုကြသည်။ အီတလီတပ်ဖွဲ့ဝင်များ ထိခိုက်သေဆုံးမှုကိုမူ ပြောဆိုခြင်းမရှိချေ။

အမ်အင်အေ၊ရိုက်တာ

ဆန့်ကျင်ဆန္ဒပြ

ဧပြီ ၇ ရက်က ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် အမေရိကန် ဆန့်ကျင်ရေးဆန္ဒပြနေသော အီရတ်ခုခံတိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ရာမာဒီ၌ကန်တပ်ဖွဲ့များနှင့် အီရတ်ပြောက်ကျားတို့တိုက်ပွဲဖြစ် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ၁၂ ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၇

ဘဂ္ဂဒက်မြို့အနောက်ဘက်တွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များနှင့် အီရတ်ပြောက်ကျားများ တိုက်ပွဲများ အရှိန်ပြင်းလာသည့်နှင့်အမျှ သေကျေပျက်စီးမှုများ ပိုမိုမြင့်တက်လာလျက်ရှိသည်။ ယင်းသို့ အခြေအနေ ဆိုးရွားလာမှုကို ဗုဒ္ဓဟူးနေ့ နံနက်ခင်း၌ ကြုံတွေ့ခဲ့ရသည်။ တစ်ညတည်း၌ပင် ရာမာဒီဒေသတွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ၁၂ ဦး သေဆုံးခဲ့သည်။

အီရတ်တိုက်ခိုက်ရေးသမားများက စစ်ဆေးရေးစခန်းတစ်ခုနှင့် မရိန်းအခြေစိုက်စခန်းတို့ကို တိုက်ခိုက်ခဲ့မှုကြောင့် မရိန်းတပ်ဖွဲ့ဝင် ၁၂ ဦးနှင့် အခြားတပ်ဖွဲ့ဝင် ၂၀ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ဖော်လူဂျာမြို့တွင်လည်း အမေရိကန်မရိန်းတပ်ဖွဲ့များက တိုက်ခိုက်ရေးသမားများကို တိုက်ခိုက်လျက်ရှိရာ အီရတ်လူမျိုး ၃၀ သေဆုံးခဲ့ပြီး ၂၅ ဦးသည် အမေရိကန်လေယာဉ်က အိမ်တစ်အိမ်ကို ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ဆေးရုံမှရရှိသည့် သတင်းများကဆိုသည်။ တိုက်ခိုက်ရေးသမားများက လက်ပစ်ဗုံးများ၊ လောင်စာများ၊ အသုံးပြုကာ ပြင်းထန်စွာ တိုက်ခိုက်ခဲ့သည်။ ရာမာဒီနှင့် ကွတ်ဒေသအတွင်း ယမန်နေ့က ဖြစ်ပွားခဲ့သော ဆန္ဒပြမှုတွင် လူများသေဆုံးခဲ့ပြီး ကွတ်ဒေသရှိ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များ၏ ဌာနချုပ်ကိုလည်း အီရတ်ခေါင်းဆောင်မက်တာဒါအယ်လ်ဆာဒါကို ထောက်ခံသူများက တိုက်ခိုက်ခဲ့ကြသည်။

ရင်ဆိုင်နေရ

ယခုအခြေအနေသည် အမေရိကန်စစ်ဘက်သာမက အီရတ်ရှိ အမေရိကန်ဦးဆောင်သော အုပ်ချုပ်ရေးအဖွဲ့ပါ စိန်ခေါ်မှုနှင့်ရင်ဆိုင်နေရသည်။ အီရတ်နိုင်ငံတစ်ဝန်း၌ တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိရာ ပြည်တွင်းစစ်တစ်ခုဖြစ်ပွားလာမည်ကို စိုးရိမ်မကင်းဖြစ်ကြောင်း ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။ ဩစတြေးလျနိုင်ငံ၌လည်း ၎င်းတို့၏ တပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းရန် တောင်းဆိုလျက်ရှိသည်။ အမေရိကန်၏ အပေါင်းပါနိုင်ငံများသည် ၎င်းတို့ ပါဝင်ပတ်သက်မှုကို ပြန်လည်ရုပ်သိမ်းရန် စဉ်းစားလျက်ရှိသည်။

(စီအင်န်အင်န်)

အီရတ်ပြောက်ကျားများတိုက်ခိုက်မှု ဘူဂေးရီးယားတပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရရှိ

ဆိုဖီယာ ဧပြီ ၇

အီရတ်နိုင်ငံတွင်သီးခြားတိုက်ခိုက်ခံရမှုများကြောင့် ဘူဂေးရီးယား တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့ပြီး ဘူဂေးရီးယားထရပ်ကား ယာဉ်မောင်းတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အီရတ်နိုင်ငံနာဆီရီယာမြို့တောင်ဘက် ၂၅မိုင်ခန့် အကွာရှိ ဘာဆာရာမှ ဘဂ္ဂဒက်သို့သွားသည့်အဝေးပြေးလမ်းမကြီးတစ်ခုတွင် ထရပ် ကားခြောက်စီးပါရှိသော ယာဉ်တန်းတစ်ခုကို အီရတ်ပြောက်ကျားတိုက်ခိုက်ရေးသမားများက တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

ဘာဆာရာမြို့နှင့် နာဆီရီယာမြို့သို့ သယ်ယူပို့ဆောင်ပေးနေသည့် အဆိုပါယာဉ်တန်းတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ စောင့်ရှောက် လိုက်ပါလာသော ယာဉ်နှင့်အခြားဘူဂေးရီးယား ထရပ်ကားငါးစီးကို ခုခံတိုက်ခိုက်ရေးသမားများက တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းကို အီရတ်စစ်ပွဲပြီးဆုံးပြီး နောက်ပိုင်း ၂၀၀၃ ခုနှစ် ဇူလိုင်လမှစတင်၍ အီရတ်ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက်ကုမ္ပဏီများက လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အီရတ်နိုင်ငံတောင်ပိုင်း ကာဘာလာမြို့တွင်လည်း စစ်ယာဉ်တန်းကို အီရတ်ခုခံတိုက်ခိုက်ရေးသမားများက စိန်ပြောင်းများ၊ စက်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် သီးခြားဖြစ်ပွားသည့် မတော်တဆဖြစ်ရပ်တစ်ခုကြောင့် ဘူဂေးရီးယားတပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဘူဂေးရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

အမ်အင်အေ၊ရိုက်တာ

စင်ကာပူတပ်ဖွဲ့ဝင်များ အီရတ်မှပြန်လည်ရုပ်သိမ်း

စင်ကာပူ ဧပြီ ၇

စင်ကာပူနိုင်ငံသည် အီရတ်နိုင်ငံသို့ စင်ကာပူတပ်ဖွဲ့ဝင်များကို နှစ်လကြာ ဖြန့်ချခဲ့ပြီးနောက် တနင်္လာနေ့၌ အီရတ်နိုင်ငံမှနေ၍ တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းလိုက်ခြင်းဖြင့် အီရတ်၌ စင်ကာပူတပ်ဖွဲ့ဝင်များရှိခြင်းကို အဆုံးသတ်လိုက်သည်။

ယနေ့ စင်ကာပူတပ်ဖွဲ့ဝင်များ အီရတ်မှပြန်ရောက်လာခဲ့ရာ အီရတ်နိုင်ငံ၌ စင်ကာပူတပ်ဖွဲ့ဝင်များ နောက်ထပ် မရှိတော့ကြောင်း စင်ကာပူ ကာကွယ်ရေးဝန်ကြီးဌာနမှ အမျိုးသမီးပြောခွင့်ရှိသူ ဖီလီရှာတန်က ပြောကြားသည်။ စင်ကာပူနိုင်ငံသည် ဖေဖော်ဝါရီလထဲ၌ စင်ကာပူလက်နက်ကိုင် တပ်များမှ တပ်ဖွဲ့ဝင် ၃၁ ဦးနှင့် စီ(၁၃၀) ဟာကျုလီပို့ဆောင်ရေး လေယာဉ်တစ်စင်းကို အီရတ်သို့ ပို့ပေးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်တို့ကိုအုပ်ချုပ်မှုလွှဲပြောင်းရေး အမေရိကန်ထင်ရာလုပ် ဒီမိုကရက်အမတ်ဂျွန်ကယ်ရီစွပ်စွဲပြောဆို

စင်စင်နာတီ ဧပြီ ၇

အမေရိကန်ပြည်ထောင်စုသည် အီရတ်တွင် အုပ်ချုပ်ရေးလွှဲပြောင်းပေးရန်အတွက် ကျိုးကြောင်း မဆင်ခြင်ဘဲ စိတ်ထင်ရာ ရက်စွဲသတ်မှတ်ခြင်းဖြင့် အမှားပြုလုပ်ခဲ့ကြောင်း၊ ဂျော့ဒဗလျူဘုရှ်သည် နိုင်ငံရေးအခြေအနေကြောင့် ဇွန် ၃၀ ရက်ကိုရွေးချယ်ခဲ့ခြင်းဖြစ်ဖွယ်ရှိကြောင်း ဒီမိုကရက်အမတ်ဂျွန်ကယ်ရီက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်များကို အီရတ်တို့ ဆန့်ကျင်မှုသည် ပိုကြီးထွားလာကာ ပြည်တွင်းစစ်ဖြစ်သွားနိုင်စရာ ရှိလင့်ကစား ဘုရှ်က အီရတ်တို့ကို အချုပ်အခြာပြန်လွှဲပေးရန် သတ်မှတ်ထားသော ရက်ကိုစွဲမြဲထားရန် သန္နိဋ္ဌာန်ပြုထားသည်။

မိမိအနေဖြင့် ဘုရှ်အစိုးရသည် အီရတ်နိုင်ငံ၏ အခြေအနေတည်ငြိမ်မှုရှိရေးကို ပမာမထားဘဲ အမေရိကန်တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းပြီး အီရတ်တို့ကို အုပ်ချုပ်ရေးလွှဲပေးလိုသည်ဟု ထင်ကြောင်း ကယ်ရီကပြောဆိုသည်။

အမေရိကန်ပြည်ထောင်စု၏စီးပွားရေးနှင့်အမျိုးသားလုံခြုံရေးကိုဘုရှ်သည် မတည်ငြိမ်အောင်လုပ်ခဲ့ကြောင်းလည်း ကယ်ရီကစွပ်စွဲလိုက်သည်။

ထို့ပြင် ကယ်ရီက ဘုရှ်နှင့်သူ၏ ရီပတ်ဘလစ်ကင်အပေါင်းအသင်းတို့သည် အီရတ်စစ်ပွဲ၊အခွန်ငွေနှင့် အလုပ်အကိုင်နှင့်စပ်လျဉ်း၍ တိုင်းပြည်ကို လှည့်စားခဲ့ကြောင်းလည်းစွပ်စွဲပြောဆိုခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

ပျက်စီး

ဧပြီ ၆ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်စစ်ရဟတ်ယာဉ်ပေါ်မှ ပစ်ခတ်မှုကြောင့် ပျက်စီးသွားသောအပျက်အစီးများကို အီရတ်တို့ ကြည့်ရှုနေစဉ်။ **(ဓာတ်ပုံ–အင်တာနက်)**

ဟောင်ကောင်ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပ

ဟောင်ကောင် ဧပြီ ၇

(၂၃)ကြိမ်မြောက် ဟောင်ကောင်ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို တနင်္ဂနွေနေ့ညက ဟောင်ကောင်၌ ကျင်းပရာ အကောင်းဆုံးဇာတ်ကားဆုကို နှစ်တစ်ရာရုပ်ရှင်ကုမ္ပဏီလီမိတက်က ထုတ်လုပ်သော ရန်နင်းအွန်ကားမားရုပ်ရှင်ဇာတ်ကားက ရရှိသည်။

အကောင်းဆုံး ဒါရိုက်တာဆုကို ပီတီယူဇာတ်ကားအတွက် ဂျွန်နေတိုက ရရှိသည်။ အကောင်းဆုံး အမျိုးသား ရုပ်ရှင်သရုပ်ဆောင်ဆုကို ရန်နင်းအွန်ကားမားဇာတ်ကားတွင် သရုပ်ဆောင်သော အင်ဒီလာက ရရှိသည်။ အင်ဒီလာသည် ဟောင်ကောင်ဇာတ်ကားများတွင် အရေးပါသောအခန်းများ၌ နှစ်ပေါင်းများစွာ ကြိုးပမ်းသရုပ်ဆောင်ခဲ့သူ ဖြစ်သည်။

အမျိုးသမီးသရုပ်ဆောင်ဆုရရှိ

အကောင်းဆုံး အမျိုးသမီးရုပ်ရှင်သရုပ်ဆောင်ဆုကို လော့စ်အင်တိုင်းမ်ဇာတ်ကားတွင် သရုပ်ဆောင်သော စီစီလာချန်းက ရရှိသည်။ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို မင်းဆန်းဒေးအင်ဘလက်ဇာတ်ကားတွင် သရုပ်ဆောင်သည့် တိုနီလန်းကာဖာက ရရှိပြီး အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို နိုတ်အမ်ဘီးရှင်းတွင် သရုပ်ဆောင်သည့် ဟိုစီဟိုက ရရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်တို့က အထူးကုဆေးရုံကြီး (ကျောက်ဆည်) ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ပြည်တွင်းပြည်ပ ဘွဲ့လွန်ဆေးပညာရှင်များကိုလည်း နှစ်စဉ်တိုးချဲ့မွေးထုတ်နေသည်နှင့်အမျှ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်ပေးနေသည့်ဆရာဝန်သူနာပြုများသည် အရေအတွက်သာမက အရည်အချင်းပါ တိုးတက်မြင့်မားလာနေပြီ ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

မန္တလေးတိုင်း အနေဖြင့်ကြည့်လျှင် ၁၉၈၈ ခုနှစ်တွင်တစ်တိုင်းလုံး၌ဆေးရုံပေါင်း ၆၆ ရုံနှင့်ကျေးလက်ကျန်းမာရေးဌာန ၁၅၅ ခုသာရှိခဲ့သော်လည်း၊ ယခုအခါ ဆေးရုံပေါင်း ၈၄ ရုံနှင့်ကျေးလက်ကျန်းမာရေးဌာန ၁၆၅ ခုထိတိုးချဲ့ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ ထို့အပြင် ဆေးရုံ ၁၄ရုံကို လည်း အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ကြောင်း။

တိုးမြှင့်ခန့်ထား

ဆေးရုံများတိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ဆေးရုံများအဆင့် တိုးမြှင့်ပေးနေခြင်းများကို ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး တိုးမြှင့်ပေးနိုင်စေရန် ခေတ်မီဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ၊ရောဂါရှာဖွေရေးနှင့် ကုသရေးပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးပြီး အထူးကုသမားတော်ကြီးများလည်း တိုးမြှင့်ခန့်ထားပေးလျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ကျန်းမာရေးစောင့်ရှောက်မှု တစ်ပြေးညီဖြစ်စေရေးအတွက် မန္တလေးပြည်သူ့ဆေးရုံကြီးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးနည်းတူ အထူးကုသမှုယူနစ်များကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီး အထူးကုဆရာဝန်ကြီးများနှင့် အခြားကျွမ်းကျင်မှုပညာရှင်များအား ဖြည့်စွက်ပေးကာ လိုအပ်သည့်နောက်ဆုံးပေါ် ခေတ်မီအဆင့်မြင့် ဆေးရုံသုံး စက်ကိရိယာများ တပ်ဆင်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် ကျောက်ဆည်ဒေသအပါအဝင် အထက်မြန်မာပြည်မှ လူနာများသည် ငွေကုန်ကြေးကျများစွာ အကုန်ကျခံပြီး ရန်ကုန်မြို့တော်ကိုသွားရောက် ဆေးကုသမှုခံယူရန် မလိုတော့ဘဲမန္တလေးပြည်သူ့ဆေးရုံကြီး၌ပင် တန်းတူရည်တူ ကုသမှုကိုခံယူနိုင်ကြပြီဖြစ်ကြောင်း။

ဒေသလိုအပ်ချက်အရ

ထို့ပြင် ခံ့ညားထည်ဝါသည့် ဆေးရုံအဆောက်အအုံသစ်ကြီးနှင့်အတူ ခေတ်မီတိုးတက်သည့် ရောဂါရှာဖွေရေးနှင့်ကုသရေးဆိုင်ရာ ပစ္စည်းကိရိယာများ၊ အထူးကုဌာနများ ပါဝင်သော ယနေ့ကျောက်ဆည် ခုတင် (၂၀၀)ဆံ့ အထူးကု ဆေးရုံကြီးကို ဒေသ၏ လိုအပ်ချက်အရ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် ဤဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေကြသည့် အထူးကုသမားတော်ကြီးများ၊ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများ အားလုံးသည် ပြည်သူများအပေါ်ထားရှိသည့် နိုင်ငံတော်၏ မွန်မြတ်သန့်စင်သော စေတနာကို မှန်ကန်စွာနားလည်ခံယူပြီး ကျန်းမာရေးဝန်ထမ်းများ၏ ကုသိုလ်လည်းရ ဝမ်းလည်းဝသည့် မွန်မြတ်သောဘဝကို ထိုက်ထိုက်တန်တန်တန်ဖိုးထားဂုဏ်ယူကြရန်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရည်အသွေး မြင့်မြင့်မားမားဖြင့် စေတနာ ထက်ထက်သန်သန် တက်တက်ကြွကြွ ထမ်းဆောင်ကြရန် မှာကြားတိုက်တွန်းလိုကြောင်း။

ကြိုးပမ်းဆောင်ရွက်

ဒေသခံ ပြည်သူများကလည်း မိမိတို့ဒေသအတွင်း ဖြစ်ထွန်းပေါ်ပေါက်လာသည့် ကျန်းမာရေး စောင့်ရှောက်မှု အခြေခံကောင်းများကို ထိုက်ထိုက်တန်တန် အသုံးပြုပြီး ကျန်းမာကြံ့ခိုင်သန်စွမ်းသည့် နိုင်ငံသားများအဖြစ် ရပ်တည်ကာ မိမိရပ်ရွာ မိမိဒေသ ပိုမိုဖွံ့ဖြိုးတိုးတက် စည်ပင်လာအောင် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ဒေသခံပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြံ့ခိုင်ပြီး မိမိတို့၏ တစ်ဦးချင်းဘဝ တိုးတက်ရေးကိုသာမက ဒေသအကျိုးနှင့် နိုင်ငံတော်၏ အကျိုးကိုပါ ပိုမိုသယ်ပိုး ထမ်းဆောင်ကြပါစေဟု မှာကြားလိုကြောင်းဖြင့်ပြောကြားသည်။

တစိုက်မတ်မတ်ဆောင်ရွက်

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က ရှင်းလင်းတင်ပြရာ၌ နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုးမြှင့်လွှမ်းခြုံပေးနိုင်ရန် ကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ပေးနိုင်ရေးအတွက် ကျန်းမာရေး အဆောက်အအုံများဖြစ်သည့် ဆေးရုံ၊ဆေးပေးခန်းများတွင် နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေးနှင့် ကုသရေးဆိုင်ရာ စက်ပစ္စည်းကိရိယာများ အဆင့်မြှင့်တင်ပေးနိုင်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် အခွင့်အလမ်းတို့ကို ဝေးလံခေါင်းပါးသော နယ်စပ်အစွန်အဖျား ဒေသများပါမကျန် တစ်နိုင်ငံလုံး ဖြစ်ထွန်းလာစေရန် ရည်ရွယ်လျက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံက တစိုက်မတ်မတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အထူးကုဆေးရုံကြီး (ကျောက်ဆည်) ကို အိုလံပစ် ကုမ္ပဏီလီမိတက်က ဆောက်လုပ်ခဲ့ပြီး ငွေကျပ်စုစုပေါင်း သန်း ၁၀၀၀ ကျော် ကုန်ကျခဲ့ပါကြောင်း၊ ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ရာ ယခုအခါ အထူးကုဆရာဝန်ကြီး ၁၂ ဦး၊ အထူးကုဆရာဝန် ၁၂ ဦး၊ လက်ထောက်ဆရာဝန် ၂၂ ဦး အပါအဝင် စုစုပေါင်းဝန်ထမ်း ၂၃၅ ဦးအား ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် အထူးကုဆေးရုံကြီး အဆင့်နှင့် လျော်ညီသော ခေတ်မီဆေးပစ္စည်း ကိရိယာများကိုလည်း ဖြည့်ဆည်းထောက်ပံ့ပေးပြီးဖြစ်ပါကြောင်း။

ပိုမိုကျခံသုံးစွဲ

ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံး ရင်းနှီးမြှုပ်နှံမှု ဖြစ်သဖြင့် ကျန်းမာရေး ဝန်ကြီးဌာနသည် ကျန်းမာရေး အသုံးစရိတ် ရန်ပုံငွေကို တစ်နှစ်ထက်တစ်နှစ်ပိုမိုကျခံသုံးစွဲလျက်ရှိပါကြောင်း။

ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်လာမှုကို ကြည့်လျှင် ၁၉၈၈ခုနှစ်တွင် အထွေထွေနှင့် အထူးကုဆေးရုံကြီးများ အပါအဝင် ဆေးရုံပေါင်း ၆၁၇ရုံသာ ရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်တွင် ဆေးရုံပေါင်း ၇၆၆ရုံ ရှိလာခဲ့ပြီ ဖြစ်ကြောင်း၊ ဆေးရုံများကို အဆင့်မြှင့်တင်ပေးလျက်ရှိရာတွင် (၂၅)ခုတင်မှ ခုတင် (၅၀)၊ ခုတင်(၁၀၀)မှ ခုတင် (၂၀၀)၊ နောက်ဆုံး ခုတင်(၃၀၀)ဆံ့ ဆေးရုံကြီးများအထိ ဆေးရုံပေါင်း ၁၄၀ ကို အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

ဆရာဝန်အင်အား

ဆရာဝန်အင်အား အနေဖြင့် ၁၉၈၈ခုနှစ်တွင် ၁၂၂၆၈ ဦးရှိရာမှ ၂၀၀၄ခုနှစ်တွင် ၁၆၅၇၀ ရှိလာခဲ့ပြီ ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသများ၌ဆိုလျှင်လည်း ၁၉၈၈ခုနှစ်က ဆေးရုံ ရှစ်ရုံ၊ ဆေးပေးခန်း ခြောက်ခန်းသာဖွင့်လှစ်ထားနိုင်ခဲ့ရာမှ ၂၀၀၄ ခုနှစ်တွင် ဆေးရုံ ၅၄ရုံ၊ ဆေးပေးခန်း ၈၁ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၃၂ခုနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲ ၅၁ခုအထိ ဖွင့်လှစ် နိုင်ခဲ့ပြီဖြစ်ကြောင်း။

မန္တလေးတိုင်း အတွင်း၌လည်း ၁၉၈၈ခုနှစ်တွင် ဆေးရုံပေါင်း ၆၆ရုံနှင့် ကျေးလက်ကျန်းမာရေးဌာနပေါင်း ၁၅၅ခုရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်တွင် ဆေးရုံစုစုပေါင်း ၈၄ရုံနှင့် ကျေးလက်ကျန်းမာရေးဌာနပေါင်း ၁၆၅ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီး ဆေးရုံ ၁၄ ရုံကို ခုတင်အဆင့်မြှင့်တင်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပြည်နယ်၊တိုင်း မြို့ကြီးများနှင့် ခရိုင်အဆင့် ဆေးရုံကြီးများ၏ ရောဂါရှာဖွေမှု၊ ကုသမှုအရည်အသွေး တိုးမြှင့်ပေးနိုင်စေရန် ခေတ်မီဆေးရုံသုံးပစ္စည်းများ ဖြည့်တင်းပေးလျက်ရှိရာတွင်လည်း ၁၉၉၉–၂၀၀၀ဘဏ္ဍာ နှစ်မှ ၂၀၀၂–၂၀၀၃ ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၁ဒသမ ၇သန်းဖိုး ကျခံသုံးစွဲခဲ့ပြီး ဖြစ်ပါကြောင်း။

ဤဆေးရုံကြီး သတ်မှတ်ချိန်အတွင်း ခံ့ညားထည်ဝါစွာ ဆောက်လုပ်ပြီးစီးအောင် ကူညီဆောင်ရွက်ပေးခဲ့ကြသော မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးနှင့်တကွ တာဝန်ရှိသူအသီးသီးအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ဓာတ်မှန် ဌာနနှင့် ခေတ်မီဓာတ်မှန်ရိုက် စက်ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ လူနာဆောင်များနှင့် အရိုးခွဲစိတ်ကုသဆောင်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ခွဲစိတ်ခန်းမ၊ အထူးကြပ်မတ်ကုသဆောင်နှင့် မျက်စိကုသဆောင်တို့ကို ကြည့်ရှုစစ်ဆေးကြပြီး အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက်အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည်အထူးကုဆရာဝန်ကြီးများ၊ဆရာဝန်ဆရာမများ၊ဒေသခံများနှင့်အထူးကုဆေးရုံကြီး(ကျောက်ဆည်)ရှေ့တွင် စုပေါင်း၍မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ရခိုင်သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဧပြီ ၈

(၁၃)ကြိမ်မြောက် အသက် (၈၀) ပြည့်နှင့်အထက် ရခိုင်သက်ကြီးပူဇော်ပွဲကို ရခိုင်မောင်/မယ်တံမြက်စည်းလှဲအသင်းမှ ဧပြီ ၁၇ရက် မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အာဇာနည်လမ်း ရခိုင်ပြည်နယ် ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ အဘိုးရှင်၊ အဘွားရှင်များ၊အလှူရှင်များအားလုံး ကြွရောက်ချီးမြှင့်ရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က–ပ)**

တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ရှေ့နေချုပ်ဦးအေးမောင် ဒေးဒရဲမြို့နယ်ဥပဒေရုံးသစ်ဖွင့်ပွဲတက်ရောက်

ရန်ကုန် ဧပြီ ၈

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်ဥပဒေရုံးသစ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၆ ရက် နံနက် ၈ နာရီတွင် ယင်းရုံးဝင်းအတွင်း၌ကျင်းပရာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊ ရှေ့နေချုပ်ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ်ဦးမြင့်နိုင်၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်း၊ ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်နှင့် တိုင်း၊ ခရိုင်၊မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

အခမ်းအနားတွင် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် ရှေ့နေချုပ်ဦးအေးမောင်တို့သည် ဒေးဒရဲမြို့နယ်ဥပဒေရုံးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဥပဒေရုံးသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ ရှေ့နေချုပ်သည် ရုံးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဥပဒေအရာရှိများအား ဥပဒေရုံးသစ်အတွင်း၌ တွေ့ဆုံကာ ရုံးလုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ရှေ့နေချုပ်ဦးအေးမောင်နှင့်အဖွဲ့သည် ခရီးစဉ်အတွင်း ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်၊ ကော့မှူးမြို့နယ်၊ တွံတေးမြို့နယ်နှင့် ဒလမြို့နယ်ဥပဒေရုံးများသို့ ဝင်ရောက်ကာ သက်ဆိုင်ရာဥပဒေအရာရှိများနှင့် တွေ့ဆုံ၍ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြားပြီး ဥပဒေရုံးများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူကုန်ကူးမှု တားဆီးကာကွယ်ရေး သုံးသပ်ညှိနှိုင်း

ရန်ကုန် ဧပြီ ၈

အာရှဒေသအတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးပူးပေါင်း ဆောင်ရွက်မှုစီမံကိန်းဆိုင်ရာ ဒုတိယအကြိမ်သုံးသပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ မဲခေါင်ဒေသအတွင်းရှိ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AusAID မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ပထမအကြိမ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၂၀၀၃ ခုနှစ် စက်တင်ဘာ ၁ ရက်က ကျင်းပခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ခြင်းနှင့် ထိရောက်စွာ တားဆီးကာကွယ်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် မြန်မာ့သစ်လုပ်ငန်း အမှတ် (၃၄)စံပြရပ်ကွက်တွင် ဖွဲ့စည်းတည်ထောင်ထားသော နာရေးကူညီမှုအဖွဲ့၏ ရုံးခန်းဖွင့်လှစ်ပွဲနှင့်ရေစက်ချတရားနာ အလှူတော်မင်္ဂလာ အခမ်းအနားကို ဧပြီ၆ရက်က ကွပ်ကဲရေးရုံးဝင်းနာရေးကူညီမှုအဖွဲ့ရုံးခန်းရှေ့တွင် ကျင်းပရာ နာရေးကူညီမှုအသင်း(ရန်ကုန်)နာရေးကူညီမှုအသင်းဒုတိယဥက္ကဋ္ဌဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်)က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၄၀၀)

ကျွန်တော့်သင်္ကြန်

ဦးမောင်မောင်စိုးတင့် (အငြိမ်းစားသံအမတ်ကြီး)

ယခုကတည်းက ကျွန်တော့်စိတ်ထဲမှာ သင်္ကြန်ကစားနေပါတယ်။ မြန်န္ဒာသီချင်းနားထောင်လိုက်၊ ရုပ်မြင်သံကြားမှာ လုပျိုဖြူများ သင်္ကြန်သီချင်းများနှင့် မြူးကြွစွာကနေကြတာကို ကြည့်လိုက်နှင့် ပျော်ရွှင်ကြည်နူးကာ သင်္ကြန်စိတ်ဓာတ်ဝင်နေပါတယ်။ လူငယ်လူရွယ်တွေဆိုရင် သင်္ကြန်မှာအားရပါးရ ပျော်ရွှင်စွာ ဆင်နွှဲဖို့စောင့်မျှော်နေကြပြီဖြစ်ပါတယ်။ ကျွန်တော်ကိုယ်ချင်းစာမိပါတယ်။

ကျွန်တော်တို့ငယ်ငယ်တုန်းကလဲဒီလိုပါပဲ။ သင်္ကြန်ဆိုတာပျော်စရာကောင်းတယ်။ အပျိုလူပျိုတွေ လွတ်လပ်စွာ ရေပက်ကစားကြတယ်။ သီဆိုကခုန်ကြတယ်လို့ တစ်ဦးနှင့်တစ်ဦး ကျီစယ်ကြတယ်။ သင်္ကြန်မှာ ချစ်သူတွေ့သွားနိုင်တယ်လို့ မျှော်တွေးပြီး ပျော်မြူးခဲ့ကြတယ်။ နိုင်ငံတစ်ဝန်းလုံး တိုင်းရင်းသားပြည်သူတို့ ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲကြတဲ့ နှစ်သစ်ကူးသင်္ကြန်ပွဲလို့ လူငယ်အနေဖြင့် နားလည်ခဲ့ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်တို့ကို ထိန်းသိမ်းသွားရေး၊ ကုသိုလ်ကောင်းမှု အလှူဒါနပြုရေးတို့ကို စဉ်းစားအလေးမထားမိတာအမှန်ပါ။ ဒါပေမယ့် မြို့ရွာအလိုက်၊ ရပ်ကွက်အလိုက်၊ အဖွဲ့အစည်းအလိုက်၊ မိဘ များပါ လူငယ်လူရွယ်များအား သင်္ကြန်ပွဲဆင်နွှဲကြရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံကို လေးစားလိုက်နာပြီး ပျော်ရွှင်ကြရန်၊ ဘာသာရေးနှင့်အညီ ကောင်းမှုကုသိုလ်ပြုလုပ်ငန်းများကို ပြုလုပ်ကြရန်၊ဦးဆောင်ကြပ်မတ်ပေးကြပါတယ်။ မိမိကိုယ်မိမိ အရှက်အကြောက်တရားနှင့် ထိန်းသိမ်းကြပါတယ်။ ဒါကြောင့် ဘာသာရေးနှင့် မြန်မာ့ယဉ်ကျေးမှုတို့ဟာ အဆင်ပြေစွာ အပြန်အလှန် အကျိုးပြုခဲ့ကြပါတယ်။

ကျွန်တော်လူပျိုပေါက်စ ကောလိပ်ကျောင်းသားလေးအနေဖြင့် မုံရွာမြို့ ဆူးလေကုန်းရပ်ကွက်မှာ ခေါင်းဆောင်ပြီး ခိုင်ရွှေဝါသင်္ကြန်အဖွဲ့ကိုဖွဲ့ကာ ပျော်ရွှင်ခဲ့တဲ့ ၁၉၄၉ ခုနှစ်သင်္ကြန်ကို ယနေ့တိုင် အမှတ်ရနေမိပါတယ်။ ရပ်ကွက်လူကြီး မိဘများကလဲ ကျွန်တော့်ကို ယုံကြည်အားပေးကြပြီး သားသမီးများကို ထည့်ကြပါတယ်။ ကျွန်တော်တို့ ကားတစ်စီးငှားပြီး မြို့တွင်းလှည့်လည် ရေပက်ခံကြပါတယ်။ သင်္ကြန်မဏ္ဍပ်ရောက်တိုင်း စနစ်တကျ ကားတစ်စီးချင်း မဏ္ဍပ်ရှေ့မှာ ဝင်ရောက် ရေပက်ခံကြရန် ရပ်မိရပ်ဖလူကြီးများက စီစဉ်ပေးပါတယ်။ ကားရပ်ရင် မဏ္ဍပ်မှလုပျိုဖြူများက ကျွန်တော်တို့ ကားကို လှည့်ပတ်၍ သူတို့ သင်္ကြန်သီချင်းဖြင့် ကပြဖြေဖျော်ကြပါတယ်။ ပြီးတော့ အအေးများ၊ မုန့်များ ဖြင့် ဧည့်ခံပါတယ်။ ကျွန်တော်တို့အဖွဲ့ ထွက်ခါနီးတွင် ပြန်လည်၍ ကားပေါ်မှ သီဆိုကပြ တုံ့ပြန်ကြပါတယ်။ ရေပက်ရာမှာလဲ ငွေဖလားများ၊ ရေခွက်များရှိ ရေမွှေးများထည့်ထားတဲ့ရေကို သပြေခက်ဖြင့်ယူပြီး ပက်ဖျန်းကြပါတယ်။ ဒီတော့ ချစ်စဖွယ်သူလေးများရဲ့ အလှကို အေးအေးဆေးဆေး ကြည့်ရှုကြည်နူးခွင့်ရကြပါတယ်။ တချို့ဆို သင်္ကြန်တွင်ဖူးစာဆုံကြပြီး ဘဝကြင်ဖော်များ ဖြစ်သွားကြပါတယ်။ သင်္ကြန်မှာ တစ်ဦးကိုတစ်ဦး ထိခိုက်နစ်နာစေတဲ့ အပြုအမူ၊ အပြောအဆိုများ မည်သူမျှမလုပ်ကြပါ။ မလုပ်ရဲကြပါ။ အသိတရားနှင့် စောင့်ထိန်းကြပါတယ်။ အားလုံးက ပျော်ရွှင်ချစ်ကြည်ရေးကိုသာ ဦးတည် ကြပါတယ်။ ယခုကျွန်တော်တို့နဲ့ သင်္ကြန်တွင် စဖက်၊ ကစားဖက်လူပျို၊အပျိုများဟာ အဘိုးအဘွားတွေ ဖြစ်နေကြပါပြီ။ ပြန်ဆုံမိတဲ့အခါ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် သင်္ကြန်အတွေ့အကြုံများကို ပြန်လည်စားမြုံ့ပြန် အလွမ်းသယ်ကြရပါ တယ်။ တူတူမများ၊ မြေးများရဲ့ ခေတ်သင်္ကြန်ကို ကြည့်ရှုရင်မောမိကြပါတယ်။ အချိန်ကာလတွေ ပြောင်းလဲနေပေမယ့် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ရဲ့ ယဉ်ကျေးမှုဓလေ့ ထုံးစံတို့ကို တည်တံ့ခိုင်မြဲ စေလိုကြပါတယ်။

ယခင်က သင်္ကြန်ပွဲ ဆင်နွှဲသူများဟာ ပကာသနကို ဦးစားမပေးဘဲ ချစ်ကြည်စိတ်ချမ်းသာစွာ ပျော်ရွှင်ကြရန်သာ ရည်ရွယ်ခဲ့ပါတယ်။ ဒါကြောင့် ငွေကုန်ကြေးကျ မြောက်မြားစွာ အကုန်မခံဘဲ ဆင်ယင်ကျင်းပကြပါတယ်။ အဝတ်အစားများမှာ မြန်မာဆန်ဆန်ဖြင့် ယဉ်လှကြပါတယ်။ မြန်မာဆိုင်းဝိုင်းကြီးများနဲ့ မြန်မာသံစဉ်တေးသီချင်းများ သီဆိုဧည့်ခံကြတာ နားထောင်ကြည်နူးဖွယ်ကောင်းပါတယ်။

ယခုတော့ သင်္ကြန်တွင် သူတို့ထုတ်ကုန်ပစ္စည်းများကြော်ငြာရန် စီးပွားရေးသမားများက လုပ်ဆောင် လာကြပါတယ်။ သူတို့က မဏ္ဍပ်ကြီးတွေဆောက်၊ တီးဝိုင်းကြီးတွေ၊ အဆိုကျော်တွေ၊ မင်းသား မင်းသမီးတွေငှားပြီး သူတို့မဏ္ဍပ်မှာ လူစည်အောင် ဆွဲဆောင်ကြပါတယ်။ သူတို့ရည်ရွယ်ချက်က သူတို့ကုန်ပစ္စည်းရောင်းကောင်းအောင် ကြော်ငြာမြှင့်တင်ပေးဖို့ပါပဲ။ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို ထိန်းသိမ်းမြှင့်တင်ပေးဖို့ မဟုတ်ပါဘူး။ တချို့ကလဲ အနောက်တိုင်းယဉ်ကျေးမှုကို အားကျအတုခိုး၍ ဝတ်စားဆင်ယင်ပြီး ဟန်ရေးပြကြပါတယ်။ ငွေကြေးချမ်းသာကြောင်းပြသရန် မာစီဒီးကား တံခါးပေါက်များ ဖြုတ်ပြီး စီးလာကြတယ်။ တချို့ကမဏ္ဍပ်တွေမှာ ရေပိုက်တစ်ခုကိုင်ခွင့်ရပြီး ပါဝင်ကစားနိုင်ရန် ငွေသောင်းချီပေးရပါတယ်။ တာသင်္ကြန်ကို စီးပွားရေးဆန်ဆန် အသုံးပြုလာကြပါတယ်။ မြို့နယ်၊ ရပ်ကွက်၊ အဖွဲ့အစည်းအလိုက် မိဘများပါ ပါဝင်ကြီးကြပ် ဦးဆောင်ပေးမှုလဲ လျော့နည်းလာပါတယ်။

ဒီလိုသင်္ကြန်မှာ ငွေမြောက်မြားစွာ အကုန်အကျခံပြီး ကြီးကျယ် ခမ်းနားစွာ စီးပွားရေးဆန်ဆန် ချဲ့ထွင်လာကြတယ်။ အနောက်တိုင်း ယဉ်ကျေးမှု ရောလာတယ်။ အချို့ အုပ်ထိန်းသူတွေရဲ့ ကြီးကြပ်စောင့်ရှောက်မှုကလဲ အားနည်းလာတယ်။ ဟီရိဩတ္တပ္ပတရားများ စောင့်ထိန်းရန် အလေးမထားကြပါ။ ဒါကြောင့် နိုင်ငံတော်က မြို့ကြီးများတွင် မဟာသင်္ကြန်ကျင်းပရေးကော်မတီများ ဖွဲ့စည်းပေးပြီး သင်္ကြန်တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ကြရန် စီစဉ်ဆောင်ရွက်ပေးလာပါတယ်။ နိုင်ငံတော်က ပါဝင်အားပေးလာခြင်းဖြစ် ပါတယ်။ ဒါလဲ ယခင်က ကျွန်တော်တို့ သင်္ကြန်နဲ့မတူ၊ ထူးခြားချက်ပါပဲ။ ယခုနှစ်မှာ အာဆီယံနိုင်ငံများ အပါအဝင် ၂၃ နိုင်ငံမှ ဧည့်သည်တော်များမြန်မာ့သင်္ကြန်တွင် ပါဝင်ဆင်နွှဲကြမယ်လို့ သိရပါတယ်။ နိုင်ငံခြားဧည့်သည်တော်များအား မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရဲ့

ကောင်းမြတ်တဲ့ အစဉ်အလာနဲ့အလှကို စွဲမက်ကျန်ခဲ့အောင် ပြည်သူပြည်သား အပေါင်းက ပြသနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ကျွန်တော်တို့ကတော့ အသက်အရွယ်ရလာပြီမို့ လူငယ်ဘဝကလို သင်္ကြန်တွင် ပါဝင်ရေကစားပျော်ပါးနိုင်စွမ်း မရှိတော့ပါ။ အတွေးအခေါ်လဲ ပြောင်းလဲသွားပြီဖြစ်ပါတယ်။ ပျော်ပါးမှုကိုဦးစားမပေးဘဲ ယဉ်ကျေးမှုဓလေ့ထုံးစံများ ထိန်းသိမ်းစောင့်ရှောက်ရေးကို အဓိကထားလုပ်ဆောင်လာရပါတယ်။ နှစ်စဉ် နှစ်ဆန်းတစ်ရက်နေ့၌ ကျွန်တော်နှင့် မောင်နှမများကို သားသမီးများ၊ တူတူမများ၊ မြေးများက စုပေါင်းညီညာစွာ ကန်တော့ကြတဲ့ဓလေ့ထုံးစံကို ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပါတယ်။ မြန်မာနှင့်ဗုဒ္ဓဘာသာ ယဉ်ကျေးမှုကို စောင့်ထိန်းရာလဲ သက်ရောက်ပါတယ်။ ဆွေမျိုးနှင့် မျိုးရိုးတို့၏ချစ်ကြည်မှု၊ စည်းလုံးမှုကိုလဲ ထိန်းသိမ်းရာလဲကျပါတယ်။

မြန်မာတို့က နှစ်သစ်ဦးကို မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကျင်းပပြီး တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ကြိုဆိုကြသည်မှာ တစ်ခြားနိုင်ငံများနဲ့ မတူ ထူးခြားလှပါတယ်။ ကျွန်တော် ယဉ်ကျေးမှုရေးရာသံမှူးအဖြစ် လန်ဒန်တွင် တာဝန်ထမ်းဆောင်ခဲ့တဲ့ ၁၉၇၂ ခုနှစ်မှ ၁၉၇၉ ခုနှစ်အတွင်း လန်ဒန်တွင် နှစ်သစ်ကူးတဲ့အချိန် သူတို့ကြိုဆိုကြပုံကို တွေ့မြင်ခဲ့ရပါတယ်။ ဒီဇင်ဘာ ၃၁ ရက်ညဉ့် လန်ဒန်မြို့လယ်သို့ ကားများဝင်ခွင့်မပြုဘဲ ထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မိသားစု နှစ်သစ်ကူးချိန်ကို လန်ဒန်သူလန်ဒန်သားတို့ စုဝေးစောင့်မျှော်ကြတဲ့ Trafalgar Square သို့ ခြေကျင်လျှောက်သွားရပါတယ်။ Big Bem နာရီစင်ကြီးက ည ၁၂ နာရီထိုးလိုက်တာနဲ့တစ်ပြိုင်နက် စောင့်မျှော်နေတဲ့ လူထုကြီးက နှစ်သစ်ကူးချိန်ကို လက်ခုပ်များတီး ဟစ်အော်ကြွေးကြော်ပြီးကြိုဆိုကြပါတယ်။ အချင်းချင်းဖက်ပြီး နှစ်သစ်မင်္ဂလာပါဟု ဆုမွန်ကောင်းတောင်းကြပါတယ်။ မူးယစ်နေတဲ့ လူငယ်တချို့က ရေပန်းများအောက်ဝင်၊ ရေကန်ထဲဆင်းပြီး အော်ဟစ်နေကြပါတယ်။ ကျွန်တော်တို့ မိသားစု Piccadilly Circus အနီးရှိ တရုတ်ဆိုင်တွင်ဝင်၍ ပူပူနွေးနွေးဖက်ထုပ်သောက်ပြီး အိမ်ပြန်ကြပါတယ်။ ဒါက လန်ဒန်သူ လန်ဒန်သားတို့ရဲ့ နှစ်သစ်ကို ကြိုဆိုတဲ့ ဓလေ့ထုံးစံပါ။ ကျွန်တော်တို့ မြန်မာများက နှစ်သစ်ကူးကို ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်နဲ့ ကြိုဆိုပုံက ပိုမိုလှပ ထည်ဝါခဲ့ညားပါတယ်။ ပိုမိုလေးနက်တဲ့ အဓိပ္ပာယ်ဆောင်ပါတယ်။ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုကို ဂုဏ်ယူမိပါတယ်။

ဒီလို လွန်ခဲ့တဲ့ သင်္ကြန်နှင့် နှစ်ဦးချိန်ခါတို့ကို ပြန်ပြောင်းသတိရလွမ်းဆွတ်မိပါတယ်။ ကျွန်တော် သင်္ကြန်တွေ (၇၂)ကြိမ်ကြုံခဲ့ပါပြီ။ သင်္ကြန်ဟာပျော်စရာလဲကောင်းတယ်။ အသက်တစ်နှစ် ပိုမိုကြီးလာပြီဟု အသိပေးကာ တရားဓမ္မကြောင်း ပြရာလဲ ရောက်ပါတယ်။ လာမယ့် နှစ်အတွက် လိုအပ်တာများကြိုတင် ပြင်ဆင်ထားကြရန်လဲ ဆော်ဩပေးနေဟန်ရှိပါတယ်။

ဒီနှစ်သင်္ကြန်မှာ ကျွန်တော် ငယ်စဉ်ကပျော်ရွှင်ခဲ့တာများကို သတိရလွမ်းဆွတ်ကာ ယခုလူငယ်များ ပျော်ရွှင်နေကြတာများကိုကြည့်ပြီး ကြည်နူးရန် အင်းလျားလမ်းတစ်လျှောက် လမ်းလျှောက်ကြည့်လိုက်ပါဦးမယ်။

မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများကို မဟာသင်္ကြန်တွင် ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ကြပါစေ။ ။

၁၃၆၅ ခုနှစ် ရိုးရာမဟာသင်္ကြန် ပွဲတော်ကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သမီးပျိုလေးများ၏ စည်းချက်ဝါးချက်နှင့်အညီ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှသည့် ယိမ်းအဖွဲ့၏ ကကြိုးဟန်။

(ဓာတ်ပုံ-မြန်မာ့အလင်း)

ရိုက်ကူးရရှိခဲ့သောကျားပုံ

၂၀၀၃ ခုနှစ် ဒီဇင်ဘာလအတွင်း ဟူးကောင်းချိုင့်ဝှမ်း သဘာဝ ကျားထိန်းသိမ်းရေး နယ်မြေအတွင်း ကင်မရာထောင်ချောက်ဖြင့် ရိုက်ကူးရရှိခဲ့သော ကျားပုံ။ (သစ်တောရေးရာ)



ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ကျားထိန်းသိမ်းရေးနယ်မြေအဖြစ်သတ်မှတ်တည်ထောင်

ရန်ကုန် ဧပြီ ၈

သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် ၂၀၀၁ ခုနှစ် ဧပြီအတွင်းက ကချင်ပြည်နယ် တနိုင်းဒေသအတွင်းစတုရန်းမိုင် ၂၄၈၄ အကျယ်အဝန်းရှိသော ဧရိယာကို "ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော"အဖြစ်ဖွဲ့စည်းရန် စတင်ဆောင်ရွက်ခဲ့သည်။ ယခု ၂၀၀၄ ခုနှစ်မတ်လအတွင်း"ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (တိုးချဲ့)" ဧရိယာအဖြစ် စတုရန်းမိုင် ၅၉၅၈ ကို ထပ်မံတိုးချဲ့ဖွဲ့စည်းနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့သည့်အတွက် စုစုပေါင်း စတုရန်းမိုင် ၈၄၅၂ အကျယ်အဝန်းရှိ "ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော"ကြီးကို တည်ထောင်လျက်ရှိသည်။ အဆိုပါ ဘေးမဲ့တောကြီးမှာ ကျားထိန်းသိမ်းရေး နယ်မြေအဖြစ် သတ်မှတ် တည်ထောင်ခြင်းဖြစ်သည်။

ရှင်သန်ပေါက်ဖွား

ကျားများ သဘာဝအလျောက် နေထိုင်ကျက်စားလျက်ရှိသော ကမ္ဘာ့နိုင်ငံ ၁၄ နိုင်ငံ အနက် မြန်မာနိုင်ငံသည် တစ်ခုအပါအဝင်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ ကျားမျိုးကွဲရှစ်မျိုးအနက် မြန်မာနိုင်ငံတွင် ကျားနှစ်မျိုးကို တွေ့ရှိရသည်။ ယင်းတို့အနက် ဘင်္ဂလားကျားမျိုးမှာ ဟူးကောင်းချိုင့်ဝှမ်းဒေသ၌ နေရင်း ဒေသ တစ်ခုအဖြစ် ကောင်းစွာ ရှင်သန်ပေါက်ဖွားလျက်ရှိကြသည်။

သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအနေဖြင့် ကမ္ဘာပေါ်တွင်မျိုးတုံး ပျောက်ကွယ်ရန် အန္တရာယ်ရှိနေသော ယင်းကျားမျိုးမှ ရှင်သန်ပေါက်ဖွားစေရေးအတွက် သုတေသနလုပ်ငန်းများကို စီမံချက်ရေးဆွဲရေး အကောင်အထည်ဖော်လျက်ရှိရာ မကြာမီက ယင်းဒေသ၌ ဆောင်ရွက်ခဲ့သော ကင်မရာ ထောင်ချောက်များမှ ရိုက်ကူးရရှိခဲ့သည့် ကျားပုံများအရ အဆိုပါဒေသသည် ကျားထိန်းသိမ်းရေးနယ်မြေ အဖြစ် သတ်မှတ် ကာကွယ် ဆောင်ရွက်သင့်ကြောင်း အတည်ပြုနိုင်ခဲ့သည်။

နှောင့်ယှက်မှုလျော့နည်းရန်ရည်ရွယ်

ယင်းကျားထိန်းသိမ်းရေးနယ်မြေကို ပညာရှင်များက အဆိုပြုထားသော ကမ္ဘာ့အကြီးဆုံး ကျား ထိန်းသိမ်းရေးနယ်မြေ ပေါ်ပေါက်လာရေးကို အထောက်အကူပြုစေရန် ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း ဖြတ်သန်းသွားလာဝင်ရောက်မှုများကို ထိန်းချုပ်ခြင်းဖြင့် ကျားနှင့် သားငှက်တိရစ္ဆာန်များ၏ သဘာဝအတိုင်း နေထိုင်ကျက်စားမှုအပေါ်နှောင့်ယှက်မှု လျော့နည်းစေရန် စသော ရည်ရွယ်ချက် များဖြင့် ဆောင်ရွက်လျက်ရှိခြင်းဖြစ်သည်။

ကမ္ဘာ့အကြီးဆုံးနယ်မြေဖြစ်လာနိုင်

ယင်းသို့ ဆောင်ရွက်ခြင်းကြောင့် ကမ္ဘာ့အကြီးဆုံးကျားထိန်းသိမ်းရေးနယ်မြေတစ်ခုဖြစ်လာနိုင်ပြီး တစ်ဆက်တစ်စပ်တည်းရှိနေသည့် မြန်မာပြည်မြောက်ဖျား ဆက်စပ်တောများအတွက်လည်းအထင်ကရ ကျယ်ဝန်းသည့် ဧရိယာကို ဖြစ်စေနိုင်မည့်အပြင် မြန်မာနိုင်ငံ၏ အသက်သွေးကြောမြစ်ကြီးနှစ်သွယ် ဖြစ်သည့် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့၏ ရေဝေရေလဲဒေသက ဒေသကြီးကိုထိန်းသိမ်းကာကွယ်ရာလည်း ရောက်မည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ကျားထိန်းသိမ်းရေးနယ်မြေ သတ်မှတ်ကာကွယ်မှုများ ဆောင်ရွက်ရာ၌ ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ကျားများအတွက် အခြေအနေကောင်းများဖြင့် ပြည့်စုံလျက်ရှိသဖြင့် ကမ္ဘာ့အကြီးဆုံး ကျားထိန်းသိမ်းရေးနယ်မြေ ဖြစ်လာနိုင်ဖွယ်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာရှိ ကျေးလက်ဆက်သွယ်ရေးဌာန ဖွင့်ပွဲအခမ်းအနားအပြီးတွင် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

လှည်းကူးမြို့နယ်ဖောင်ကြီးအရှေ့ ကျေးလက်ဆက်သွယ်ရေးဌာနဖွင့် တိုင်းမှူး၊ ဝန်ကြီးများနှင့် မြို့တော်ဝန်တို့ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဧပြီ ၈

ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (အိုင်တီယူ)တို့ ပူးပေါင်းအကောင်အထည်ဖော် တည်ဆောက်ခဲ့သည့် ရန်ကုန်မြောက်ပိုင်း ခရိုင် လှည်းကူးမြို့နယ်ဖောင်ကြီးအရှေ့ကျေးရွာရှိ ကျေးလက်ဆက်သွယ်ရေးဌာန Multipurpose Community Telecentre ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၁နာရီခွဲက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်သန်း၊ အာရှ ပစိဖိတ်ကြေးနန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု ဗျူရိုရုံးမှ အဆင့်မြင့် အတိုင်ပင်ခံ Mr. E Behdad၊ ဖောင်ကြီးအရှေ့ကျေးရွာမှ ပြည်သူလူထု ကိုယ်စား ဒေသခံဦးသောင်းရွှေတို့က ဖောင်ကြီးအရှေ့ကျေးရွာ၌ ကျေးလက် ဆက်သွယ်ရေးဌာန ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်

ယင်းနောက် အာရှနှင့် ပစိဖိတ် ကြေးနန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု ဗျူရိုရုံးမှ အဆင့်မြင့် အတိုင်ပင်ခံ Mr. E Behdad နှင့် ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်သန်းတို့က ဖောင်ကြီး အရှေ့ကျေးရွာ ကျေးလက် ဆက်သွယ်ရေးဌာနကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ မြို့တော်ဝန်နှင့် အဖွဲ့သည် ဖောင်ကြီးအရှေ့ကျေးရွာ ကျေးလက်ဆက်သွယ်ရေးဌာနအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံ ကျောင်းသား ကျောင်းသူများ ကွန်ပျူတာသင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယမန်နေ့က ဖွင့်လှစ်သည့် လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာ ကျေးလက် ဆက်သွယ်ရေးဌာနကို အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေး အဖွဲ့ချုပ်(I.T.U)မှ အမေရိကန်ဒေါ်လာ ၅၅၆၀၀နှင့် မြန်မာနိုင်ငံဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနမှ အမေရိကန် ဒေါ်လာ၄၄၆၀၀နှင့် ညီမျှသော မြန်မာကျပ်ငွေကိုသုံးစွဲခဲ့ပြီး ကျေးလက်ဆက်သွယ်ရေးဌာန များအနေဖြင့် ကွန်ပျူတာသင်တန်း၊ အင်တာနက်နှင့် အီးမေးလ်သင်တန်းများ ပို့ချခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ အနေဖြင့် ကွန်ပျူတာစာစီစာရိုက် လုပ်ငန်း၊ မိတ္တူကူးလုပ်ငန်း၊ ဒစ်ဂျစ်တယ်လ် ကင်မရာဖြင့် ဓာတ်ပုံ ရိုက်ကူးရေးလုပ်ငန်း၊ ပြည်သူများအတွက် ဒစ်ဂျစ်တယ်လ်ဖုန်းဖြင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းကြောင့် ကျေးလက်ဒေသနေ ပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အတွက် များစွာအထောက်အကူပြုနိုင်ပြီး ကျောင်းသားကျောင်းသူများအတွက် ခေတ်မီ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ ရင်းနှီးကျွမ်းဝင်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ကျန်းမာရေးနေ့ (၂၀၀၄)အထိမ်းအမှတ် အခမ်းအနားကျင်းပ ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၈

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) တို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးနေ့ (၂၀၀၄)အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ(IBC)၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr.Agostino Borra နှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးများ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်တွင်း လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr.Agostino Borraက ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr.Samlee Pliambang Chang ၏ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန လူငယ် သင်တန်းကျောင်းများမှ ကလေးသူငယ်များက ယာဉ်အန္တရာယ် စုပေါင်းကာကွယ်သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဧည့်ကြိုဆောင်အတွင်း ပြသထားသော ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှုမှတ်တမ်းများကို ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

မတ် ၂၇ရက်က သဃ်္ဃန်းကျွန်းမြို့နယ် ရန်အောင်ရပ်ကွက် အမှတ် (၃၂) အခြေခံပညာ မူလတန်းကျောင်း သင်ယူပြီး မြောက်ခြင်းလက်မှတ်ပေးအပ်ပွဲတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၁) ဦးကြည်လွင်က မူလတန်းဆင့် ကျောင်းသူတစ်ဦးအား ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။

(က-ပ)

သကြၤန်ဝေးဝေးဇာတ်ကား အဆင့်မြင့်ရုံ သုံးရုံ၌ပြသ ပေါ့ပေါ့ပါးပါးပြုံးနှင့် ဂျိမ်းစ်ဘွန်းဇာတ်ကားတစ်ကျော့ပြန်တင်

ရန်ကုန် ဧပြီ ၈

ဒါရိုက်တာညွှန့်မြန်မာ ညီညီအောင် ရိုက်ကူးပြီး လွင်မိုး၊ ခန့်စည်သူ၊ အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်ထားသော **သကြၤန်ဝေးဝေး**ဇာတ်ကား သမ္မတ၊သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ယနေ့ရုံဝင်လာသည်။

တစ်နှစ်မှတစ်ခါပွင့်သော ပိတောက်ပန်းနှင့် တစ်နှစ်တစ်ကြိမ်သာ ပျော်ရသော ခါသကြၤန်လေးသည် သကြၤန်ဖြူထူးမော်နှင့် ခိုင်မြဲတို့သုံးဦးအဖို့ ပျော်စရာမှ လွမ်းစရာလေးများ ဖြစ်ကျန်ရစ်ခဲ့သည်။ ထိုသောအခါ ပျော်စရာသကြၤန်လေးသည် သူတို့သုံးဦးနှင့် တဖြည်းဖြည်းဝေး၍ဝေး၍လာသည်။

ဘယ်လိုပဲပြုံးပြုံး အကောင်းဆုံးကတော့ ပေါ့ပေါ့ပါးပါးပြုံးပါဟု ဆိုလာသော ချစ်သူရုပ်ရှင်ထုတ်လုပ်ရေး၏ ပွဲဦးထွက်ဇာတ်ကား **ပေါ့ပေါ့ပါးပါးပြုံး**မှာ ရှေ့ဆောင်ရုံနှင့် နဝဒေးရုပ်ရှင်ဥယျာဉ်တွင် ထပ်မံရုံဝင်လာသည်။

သကြၤန်ဝေးဝေးဇာတ်ကားမှ ကြည်နူးစရာတစ်ကွက်။

ရုပ်ရှင်သတင်းထောက်

ဂျိမ်းစ်ဘွန်းဇာတ်ကား **Die Another Day** ဇာတ်ကား နေပြည်တော်ရုံတွင် တစ်ကျော့ပြန်ဝင်လာသည်။

အိန္ဒိယမင်းသား ရှာရွတ်ခန်း ခေါင်းဆောင်ပါဝင်သော **Chaahat** ဇာတ်ကားမှာ ဘုရင့်ရုံတွင် ရုံဝင်လာသည်။ စတိတ်ရှိုးများ၊ အကများ၊ တေးသံသာများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကြည့်ရမည့် ဇာတ်ကားဖြစ်သည်။

ဒါရိုက်တာ ဝါဝါဝင်းရွှေ၏ **ညွှန်းစာဖွဲ့လို့မမီ** ဇာတ်ကား ဆုထူးပန်ရုံတွင် ရုံဝင်လာသည်။

ညွှန်းစာဖွဲ့လို့မမီတွင် အကယ်ဒမီ ညွှန့်ဝင်း၊ အကယ်ဒမီဝါဝါဝင်းရွှေ၊ အကယ်ဒမီလူမင်း၊ အကယ်ဒမီ ထက်ထက်မိုးဦး၊ အကယ်ဒမီ စိုးမြတ်နန္ဒာ တို့ပါဝင်ပြီး မင်းသားသစ် သားထူး(ခ) ဝါဇင်ကို ပွဲထုတ်ထားသည်။ ။

(မြန်မာ့အလင်း)



Die Another Day ဇာတ်ကားမှ ဂျိမ်းစ်ဘွန်း။

ကာရန်အလွဲ သကြၤန်အပြီး ရုံတင်မည်

ရန်ကုန် ဧပြီ ၈

ပုညခင်၏ ဝတ္ထုကို ဇာတ်ညွှန်းနှင့်ဒါရိုက်တာ ခင်မောင်ဦးနှင့် စိုးသိမ်းထွဋ်တို့ ရိုက်ကူးတင်ဆက်သည့် **ကာရန်အလွဲ**မှာ သကြၤန်အပြီးတွင် ရုံဝင်လာမည် ဖြစ်သည်။

ကာရန်အလွဲတွင် ရွှေမိုးညိုအဖြစ် ဒွေး၊ သာဒင်အဖြစ် ဇာဂနာ၊ ဟန်နီအဖြစ် စိုးမြတ်သူဇာ၊ ချစ်စနိုးအဖြစ် နန္ဒာလှိုင်တို့ပါဝင်ထားသည်။ တဝါးဝါး တဟားဟား ပွဲကျရမည့် ဇာတ်ကားဖြစ်သည်။ **(မြန်မာ့အလင်း)**



သကြၤန်အပြီး ရုံဝင်လာမည့် ကာရန်အလွဲမှ ဒွေးနှင့်နန္ဒာလှိုင်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်တကောင်းမြို့ ပို့ကုန်ထုတ်လုပ်ရေးဇုန်(EPZ) စီမံခန့်ခွဲရေးရုံး ရှင်းလင်းခန်းမတွင် **Bangladesh Export Processing Zone**များ၏ **Executive Chairman, Brig-Gen. MD Zakir Hossain (Retd)** က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

ရည်ရွယ်ချက်၊ စီမံခန့်ခွဲရေးလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားများ၊ စက်မှုဇုန်အတွက် လျှပ်စစ်ဓာတ်အား၊ လောင်စာဓာတ်ငွေ့နှင့်ရေရရှိရေးလုပ်ငန်း၊ လမ်းနှင့်ဆက်သွယ်ရေးလုပ်ငန်းစသည့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးထားမှု၊ ရင်းနှီးမြှုပ်နှံမှုပွားများရန်ဆွဲဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ စက်မှုဇုန်အလုပ်သမားဦးရေ၊ ပို့ကုန်တင်ပို့နိုင်မှု၊ စက်မှုဇုန်တွင်လုပ်ကိုင်နေသော နိုင်ငံစုံမှ ကုမ္ပဏီများ၊ ထုတ်ကုန်ပစ္စည်းအမျိုးအစားများ၊ စက်မှုဇုန်ကော်မတီက ဆောင်ရွက်ပေးသော ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လက်ဆောင်ပစ္စည်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား စစ်တကောင်း Export Processing Zoneမှ တာဝန်ရှိသူများက အမှတ်တရ လက်ဆောင်ပေးအပ်သည်။ ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်ကလည်း စစ်တကောင်းစက်မှုဇုန်မှ တာဝန်ရှိသူများအား လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စစ်တကောင်းပို့ကုန် အထူးစက်မှုဇုန်ရှိ Youngone Group Corporation၏ အားကစားသမားအသုံးအဆောင်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြရာ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Kihak Song နှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စစ်တကောင်းမြို့ရှိ ဇီယာအမှတ်တရပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ စစ်တကောင်းပို့ကုန် အထူးစက်မှုဇုန်ရှိ Youngone Group Corporation ၏ အားကစားသမား အသုံးအဆောင်ပစ္စည်းထုတ်လုပ်ရေးစက်ရုံလုပ်ငန်းခွင်တွင် ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ Youngone Group Corporation မန်နေဂျင်းဒါရိုက်တာ Mr. Chang Sun Sohol က ကော်ပိုရေးရှင်းကဆောင်ရွက်နေသော လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား Youngone Group Corporationမှ တာဝန်ရှိသူတို့က စက်ရုံမှထုတ်လုပ်သော ပစ္စည်းများကို လက်ဆောင်အဖြစ်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထုတ်လုပ်မှု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စက်ရုံလုပ်ငန်းခွင်အတွင်း သွားရောက်၍အားကစားဖိနပ်နှင့် အားကစားဝတ်စုံများ ထုတ်လုပ်နေမှုကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် စစ်တကောင်းမြို့ရှိ ဇီယာအမှတ် တရပြတိုက် (Zia Memorial Museum)သို့ ရောက်ရှိကြရာ State Minister for Civil Aviation & Tourism, Mr. Mir Mohammed Nasir Uddinနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပြတိုက်အတွင်း ပြသထားသော ကွယ်လွန်သူ သမ္မတကြီးဇီယာ၏ မှတ်တမ်းဓာတ်ပုံများ၊ အသုံးအဆောင်ပစ္စည်းများနှင့်သမ္မတကြီးဇီယာ၏ နောက်ဆုံးခရီး မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။ ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ထိုမှတစ်ဆင့် အဂ္ဂရာဘတ် ဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရန် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် စစ်တကောင်းမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. M. Morshed Khanနှင့် တာဝန်ရှိသူများ၊ စစ်တကောင်းမြို့တော်ဝန်၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့များမှ တာဝန်ရှိသူများ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းမြင့်၊ စစ်သံမှူး ဗိုလ်မှူးကြီးဟန်တင့်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား စစ်တကောင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီး **Mr.M.K Anwar** အား ဧပြီ ၄ ရက်က ၎င်း၏ရုံးခန်းသို့ သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား စစ်တကောင်း **Export Processing Zone** မှ တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စစ်တကောင်းမြို့ ပို့ကုန်ထုတ်လုပ်ရေးဇုန်(**EPZ**) စီမံခန့်ခွဲရေးရုံး ရှင်းလင်းခန်းမ၌ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင်လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

တွေ့ဆုံ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ Advisor to Commerce, Mr.Md Barkat Ullah Bulu က ဧပြီ ၄ ရက်တွင် ဒါကာမြို့ရှိ ခေတ္တတည်းခိုသည့် Hotel Sheraton သို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဗိုလ်ချုပ်ညွန့်တင်သည် အာရှနှင့်ပစိဖိတ်ဒေသကျေးလက်ဒေသဖွံ့ဖြိုးမှုဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြမောင် လိုက်ပါလျက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီး Mr. M.K Anwar အား ဧပြီ ၄ ရက် ညနေပိုင်းတွင် ၎င်း၏ရုံးခန်းသို့ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံလယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

အလားတူပင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ Advisor to Commerce,Mr.Md Barkat Ullah Bulu က ဧပြီ ၄ ရက် ညပိုင်းတွင် ဒါကာမြို့ရှိ ခေတ္တတည်းခိုသည့် Hotel Sheraton သို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပထမအကြိမ်ပူးတွဲကုန်သွယ်ရေးကော်မရှင် အစည်း အဝေးကျင်းပရေး၊ နှစ်နိုင်ငံကုန်သွယ်မှု လုပ်ငန်းမြှင့်တင်ရေးကိစ္စရပ်များ ဆွေးနွေးကြသည်။

ထို့အတူ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့်အတူ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ State Minister for Home Affairs, Mr. Lutfozzaman Babar အား ဧပြီ ၄ရက် ညနေပိုင်းတွင် ၎င်း၏ရုံးခန်းသို့ သွားရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံပြည်ထဲရေးဝန်ကြီးဌာနအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ လူဝင်မှုကိစ္စများတိုးမြှင့်ဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့်နှစ်နိုင်ငံနယ်စပ်လုံခြုံရေးကိစ္စရပ်များကို ပိုမိုပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးကြသည်။

ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်ကြားရေးဝန်ကြီး Mr. Tarku Islam အား ဧပြီ ၄ ရက် ညနေပိုင်းတွင် ၎င်း၏ရုံးခန်းသို့သွားရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံသတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြရေး ဆွေးနွေးကြသည်။

ထို့အတူ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့်အတူ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ Minister for Communications, Barrister Nazmul Huda အား ဧပြီ ၄ရက်ညနေပိုင်းတွင် ၎င်း၏ရုံးခန်းသို့သွားရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်သွယ်မည့် လမ်းဖောက်လုပ်ရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ State Minister for Home Affairs, Mr. Lutfozzaman Babar အား ဧပြီ ၄ရက်က ၎င်း၏ရုံးခန်းသို့ သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မိုးထစ်ချုန်း

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ ပြန်ကြားရေး ဝန်ကြီး Mr. Tarku Islam အား ဧပြီ ၄ရက်က ၎င်း၏ ရုံးခန်းသို့ သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အစဉ်အလာကောင်းခဲ့သော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

ခိုးတင့်
(I.W.T)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ တောင်ဘက်တွင် ကပ္ပလီပင်လယ်တို့ ရှိသည်။ မြောက်ဘက်မှတောင်ဘက်သို့ သွယ်တန်းနေသည့် တောင်တံတိုင်းကြီးများအကြားတွင် မြောက်ဘက်ကုန်းမြင့်ဒေသမှ မြစ်ဖျားခံလာသည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် သံလွင်မြစ်တို့ရှိသည်။ အဆိုပါမြစ်ကြီးများအတွင်းသို့ သွယ်သောမြစ်ငယ်၊ ချောင်းငယ်များက ပေါင်းဆုံစီးဝင်ကြသည်။ အဆိုပါမြစ်ကြီးမြစ်ငယ်များစွာတို့သည် သောက်သုံးရန်၊ စိုက်ပျိုးရန်သာမက သွားလာမှုတို့ကိုအဓိက ပံ့ပိုးထောက်ကူလျက်ရှိသည်။ ရှေးအခါက လူတို့သည် ရေကြည်ရာ မြက်နုရာရှာဖွေရင်း မြစ်ကြီးမြစ်ငယ်များဆီသို့ ရောက်ရှိခဲ့ကြသည်။ ယဉ်ကျေးမှုတို့ တိုးတက်ခဲ့သည်။ မြို့ပြ ကျေးလက်တို့မှာ မြစ်ဝှမ်းဒေသများတွင် ဖွံ့ဖြိုးဝေဆည်ခဲ့သည်။

သွားလာ ဆက်သွယ်မှုသည် အစုအဖွဲ့လိုက် နေထိုင်ကြသည့် လူသားတို့ကို ပိုမိုနီးစပ်နားလည် ရင်းနှီးစေခဲ့သည်။ ကုန်ပစ္စည်းနှင့် စားသောက်ဖွယ်ရာများ၊ လဲလှယ်ရောင်းချမှုဖြစ်ပေါ် ခိုင်မြဲစေခဲ့သည်။ လူ့အဖွဲ့အစည်းကြီးအား ပိုမိုရွေးထွေးအေးချမ်းစည်ပင်ဖွံ့ဖြိုးတိုးတက်စေခဲ့သည်။ သွားလာဆက်သွယ်မှု၌ တောကိုဖြတ်၍ တောင်ကိုကျော်၊ လွင်ပြင်ကျယ်ကြီးများကို ဝန်းပတ်ကွေ့ဝိုက်ကြရသည်။ ခရီးတွင်ကျယ်မှုနှင့် ကုန်စည်သယ်ယူမှုတို့၌ အကန့်အသတ်ရှိနေသည်။ သွားလာမှုလွယ်ကူသက်သာ၍ ကုန်စည်သယ်ယူပို့ဆောင်ရေး ကျယ်ပြန့်စွာဆောင်ရွက်နိုင်သည်မှာ ရေကြောင်းပို့ဆောင်ရေးဖြစ်သည်။

ရေကြောင်း သွားလာပို့ဆောင်ရေးအတွက် ကြံဆခဲ့ကြရာမှ ရေယာဉ်၊ သင်္ဘောတည်ဆောက်မှု အတတ်ပညာတို့ တိုးတက်စေခဲ့သည်။ ဆိပ်ကမ်း၊ ဆိပ်ခံ၊ ဇောတံတား တည်ဆောက်မှုတို့ ဖွံ့ဖြိုးလာသည်။

ကုန်သွယ်ရောင်းဝယ်ပို့ဆောင်မှုစသည်တို့ အပြောင်းလဲကြီးပြောင်းလဲခဲ့သည်။ ကျေးလက်၊ မြို့ရွာမှ ခရိုင်၊ ပြည်နယ်၊ ၎င်းမှသည်ပြည်ထောင်စုတစ်ဝန်း၊ ထို့ထက်လွန်၍ တိုင်းစွန်ပြည်ဖျားမှ တိုင်းခြားပြည်ခြားအထိ ဖြန့်ကြက်ကူးလူးခဲ့ကြသည်။ အချုပ်အခြာနှင့်နိုင်ငံ၏ ခံ့ထည်စည်ပင်မှုအား တိုင်းတစ်ပါးသားတို့ သိကြားစေခဲ့သည်။ အဆိုပါ တိုင်းပြည်များမှ လူသုံးကုန်မှသည် ယဉ်ကျေးမှု၊ စက်မှုနှင့်နည်းပညာများ ကူးလူးရယူခွင့်ရှိလာသည်။ အတိုင်းတိုင်းအပြည်ပြည်နှင့် သံခင်း၊ တမန်ခင်းခံ့ထည်စွာဖြင့် ထိရောက်သည့် အကျိုးအမြတ်ကို ဖြစ်ပေါ်စေခဲ့ခြင်းသည် ရေကြောင်းပို့ဆောင်ရေး၏ စွမ်းအားများ ဖြစ်ပေသည်။

ရှေးအခါက ရေကြောင်းပို့ဆောင်ရေး၏ အခန်းကဏ္ဍမှာ မိမိမြို့ရွာနယ်ပယ် အစုအဖွဲ့အလိုက်သာ ကူးလူးဆက်သွယ်မှုရှိခဲ့သည်။ အခွန်ဆိပ်၊ အကောက်ဆိပ်တို့ဖြင့်သာ ရှိခဲ့သည်။ နယ်ချဲ့တို့သည် ရေပြင်ကို ခြေတင်ကာ ကမ္ဘာတစ်ခွင်၌ နေမဝင်အင်ပါယာများ ထူထောင်ခဲ့ကြသည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာ့ရေကြောင်းကို စီးပွားရေးအကျိုးအမြတ်အဖြစ် အသွင်ဖန်တီးနိုင်ခဲ့သည်။ ဧရာဝတီဖလိုတီလာကုမ္ပဏီလီမိတက်သည် ၁၈၆၅ခုနှစ်တွင် ရန်ကုန်–သရက် ခရီးလမ်းကြောင်းကို စတင်ပြေးဆွဲခဲ့သည်။ ၁၈၈၁ ခုနှစ်တွင် အင်္ဂလိပ်တို့သည် အကျဉ်းသားတို့၏ လုပ်အားဖြင့် တွံတေးတူးမြောင်းကို ဖောက်လုပ်ခဲ့သည်။ ၁၉၀၈ခုနှစ်တွင် ဆက်လက်တိုးချဲ့ဖောက်လုပ်ခဲ့သည်။ ၁၉၁၇ခုနှစ်တွင် တွံတေးတူးမြောင်း ကိုဖွင့်လှစ်နိုင်ခဲ့သည်။ ရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုတွင်ကျယ်လာခဲ့သည်။ အဆိုပါ လုပ်ထုံးကို ဧရာဝတီဖလိုတီလာကုမ္ပဏီက လက်ဝါးကြီးအုပ်ထားခဲ့သည်။

၁၉၀၀ပြည့်နှစ်တွင် ဧရာဝတီဖလိုတီလာကို ယှဉ်ပြိုင်ရန် ဦးနာအောက်သည် စကော့တလန်နိုင်ငံ မက်ကီးအင်ဘက်စတာကုမ္ပဏီက နှစ်ထပ်သင်္ဘောခုနစ်စင်းနှင့် တစ်ထပ်သင်္ဘောနှစ်စင်းကို မှာယူတင်သွင်းပြီး "မနှင်းဆီ" အမည်ဖြင့် မြန်မာမီးသင်္ဘောကုမ္ပဏီကို ထူထောင်ခဲ့သည်။ မုတ္တမသင်္ဘောကျင်းကိုလည်း တည်ထောင်ခဲ့သည်။ ဧရာဝတီဖလိုတီလာ မီးသင်္ဘောခ၏ ထက်ဝက်ခန့် လျှော့ချယှဉ်ပြိုင် ပြေးဆွဲခဲ့သည်။ ထို့နောက် အဆင့်ဆင့်ယှဉ်ပြိုင်လျှော့ချရင်း အခမဲ့သယ်ယူပို့ဆောင်ပေးခဲ့သည်။ နယ်ချဲ့တို့၏ စီးပွားရေးယုတ်မာမှုကို မယှဉ်သာ၍ ထိုသင်္ဘော ကိုးစင်းကို ဧရာဝတီဖလိုတီလာကုမ္ပဏီသို့ပင် ရောင်းချခဲ့ရသည်။ မြန်မာပြည်သူတို့၏ အကျိုးစီးပွားကို နှစ်ပေါင်း ၈၀ကျော် မတရားအမြတ်ထုတ် ကုတ်သွေးစုပ်ခဲ့သည့် ဧရာဝတီဖလိုတီလာကုမ္ပဏီသည် ကံကြမ္မာတစ်ပတ်လည်ကာ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် နိဂုံးချုပ်ခဲ့ရပေသည်။

လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် အဓိကရည်မှန်းချက် ဆောင်ပုဒ်များဖြစ်သော ရေယာဉ်နှင့် ခရီးသည်အန္တရာယ်ကင်းရှင်းရေး (Safety)၊ လုပ်ငန်းစွမ်းဆောင်မှု အပြည့်အဝပေးရေး (Service)၊ လုပ်ငန်းခွင်အသွင်အပြင်ကောင်းမွန်ရေး (Image) ဆောင်ပုဒ်များနှင့်အညီ ကူးသန်းသွားလာမှုရှိသော မြစ်ကြောင်းများ (Commercially Navigable Waterways) ဖြစ်သည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ပြည်နယ်ရှိ ကုလားတန်မြစ်၊ လေးမြို့မြစ်၊ မေယုမြစ်နှင့် ကရင်ပြည်နယ်ရှိ သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ်တို့တွင် ခရီးသည်နှင့် ကုန်စည်များကို သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခရီးသည်မော်တော်ယာဉ်များ သွားလာမှုအဆင်ပြေစေရေးအတွက် ကူးတို့လမ်းများ ပြေးဆွဲဆောင်ရွက်လျက်ရှိခြင်း၊ နိုင်ငံပိုင်အဖွဲ့အစည်းများ၏ စီမံကိန်းဝင် ကုန်ပစ္စည်းများ၊ ပို့ကုန်သွင်းကုန်ပစ္စည်းများ၊ နိုင်ငံပိုင်စက်ရုံများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ သမဝါယမနှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများကို နိုင်ငံတော်က ချမှတ်ကျင့်သုံးနေသော စီးပွားရေးစနစ်ဦးတည်ချက်နှင့်အညီ ကုန်စည်စီးဆင်းမှု မှန်ကန်ရေးအား အလေးထားဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် စီမံရေးရာဌာန၊ စစ်ဆေးရေးဌာန၊ ငွေစာရင်းဌာန၊ ကုန်စည်ပို့ဆောင်ရေးဌာန၊ ပို့ဆောင်ရေးဌာန၊ အင်ဂျင်နီယာဌာန၊ ရေကြောင်းဌာနဟူ၍ ဌာနကြီး ခုနစ်ခုဖြင့် ဖွဲ့စည်းထားရှိသည်။ သယ်ယူပို့ဆောင်လုပ်ငန်းများအား စွမ်းအားပြည့်ဆောင်ရွက်နိုင်ရန် ဌာနခွဲငါးခုကို ဖွဲ့စည်းထားရှိသည်။

(၁) မြစ်ဝကျွန်းပေါ်ဌာနခွဲ (ပဲခူးတိုင်း၊ ဧရာဝတီတိုင်း)

(၂) ဧရာဝတီဌာနခွဲ (မကွေးတိုင်း၊ကချင်ပြည်နယ်) (မန္တလေးအခြေပြု)

(၃) ချင်းတွင်းဌာနခွဲ (စစ်ကိုင်းတိုင်း) (မုံရွာအခြေပြု)

(၄) သံလွင်ဌာနခွဲ (ကရင်ပြည်နယ်၊မွန်ပြည်နယ်) (မော်လမြိုင်အခြေပြု)

(၅) ရခိုင်ဌာနခွဲ (ရခိုင်ပြည်နယ်) (စစ်တွေအခြေပြု)

အထက်ပါဌာနခွဲများသည် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်ဝကျွန်းပေါ်ဒေသများ၊ ရခိုင်၊မွန်နှင့် ကရင်ပြည်နယ်ရှိမြစ်ကြောင်းများတွင် ခရီးသည်နှင့် ကုန်စည်များသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအပြင် ခရီးသည်နှင့် မော်တော်ယာဉ်များသွားလာမှုအဆင်ပြေရေးအတွက် ကူးတို့လမ်းများ ပြေးဆွဲခြင်းကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် လုပ်ငန်းနှင့်ဒေသ လိုအပ်ချက်အလိုက် ပုံမှန်ရေယာဉ်လမ်းများ၊ အထူးအမြန်ရေယာဉ်လမ်းများပြေးဆွဲပေးလျက်ရှိသည်။ နိုင်ငံတော်အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ပုဂ္ဂလိကများသို့ ရေယာဉ်ငှားရမ်းခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ရေလမ်း ခရီးမိုင် ၆၅၉၇မိုင်ကို စက်ရှိရေယာဉ် ၂၀၈စင်း၊ စက်မဲ့ ၁၆စင်း၊ ဆိပ်ခံ ၄၁ခုတို့ဖြင့် ခရီးစဉ်ပုံမှန်၊ အမြန်၊ ထူးမြန် ၅၃လမ်းနှင့် မြစ်ကူး၊ ကူးတို့ ၁၀ လမ်းတို့ဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

မြို့ရွာဒေသအလိုက် ဗုဒ္ဓပူဇနိယပွဲတော်များ နှစ်စဉ်ကျင်းပလေ့ရှိသည့် အားလျော်စွာ မြတ်မော်တင်(ဆံတော်ရှင်)ဘုရားပွဲတော်၊စစ်ကိုင်းတိုင်း ပတ္တမြားစေတီဘုရားပွဲတော်၊ စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်ရှိ ပေါင်းဝကျေးရွာရွှေစည်းခုံဘုရားပွဲတော်၊ စစ်ကိုင်းတိုင်း အညာသီဟတောဘုရားပွဲတော်၊ ရခိုင်ပြည်နယ် ဆံတော်ရှင်ဘုရားပွဲတော်နှင့် ကျုံမငေးစွယ်တော်ဘုရားပွဲတော်များသို့ ပို့ဆောင်ပေးလျက်ရှိသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ဌာနခွဲကြီးတစ်ခုဖြစ်သည့် ကုန်စည်ပို့ဆောင်ရေးဌာနအနေဖြင့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆန်စပါး၊ ဘိလပ်မြေ၊ သစ်လုံး၊ သစ်ခွဲသား၊ ကျောက်စရစ်၊ ရေနံထွက်ပစ္စည်းများ၊ ကျောက်မီးသွေး၊ ရေနံ၊ မီးသွေးစသည်တို့ဖြင့် ဝန်ကျယ်ပြီး တစ်ကြိမ်တည်းအမြောက်အမြားသယ်ယူရမည့် ကုန်ပစ္စည်းများအပြင် နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာများ၏ လုပ်ငန်းလိုအပ်ချက်အရ ပို့ဆောင်ရန်ရှိသည့် စက်ပစ္စည်းကိရိယာများ၊ မော်တော်ယာဉ်ကြီးများနှင့် လေးလံသည့် ကုန်ပစ္စည်းများအား နေ့ညမဟူ ဆောင်ရွက်ပေးလျက်ရှိသည်။

ကုန်စည်ပို့ဆောင်ရေးဌာနခွဲသည် ရန်ကုန်မြို့မှ မန္တလေးမြို့အထိ၊ ၎င်းမှ ဧရာဝတီမြစ်ညာ ဗန်းမော်မြို့အထိ ရေလမ်းမိုင်၈၅၄မိုင်နှင့် ရန်ကုန်မြို့မှ ချင်းတွင်းမြစ်ညာ ခန္တီးမြို့အထိ ရေလမ်းမိုင် ၁၀၁၈မိုင် စုစုပေါင်း ၁၈၇၂မိုင်ကို စက်ရှိရေယာဉ် ၉၅စင်း၊ စက်မဲ့ရေယာဉ် ၁၁၃စင်းဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ စက်ရုံများအတွက် လိုအပ်သည့်ကုန်ပစ္စည်းများအား စီမံချက်ချ၍ သယ်ဆောင်ခြင်း၊ ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ဒေသခံပြည်သူများ၊ အထက်၊ အောက်၊ ကုန်ပစ္စည်းများအား တစ်နေရာတည်းတွင် အလွယ်တကူ ဝယ်ယူနိုင်ရေးအတွက် ဈေးသင်္ဘောပြေးဆွဲမှုကို ၁၉၉၃ခုနှစ်မှစ၍ **"မြ"** အမျိုးအစားရေယာဉ်ကြီးအား ကုန်တွဲနှစ်တွဲဖြင့် စုစုပေါင်း တန်၁၂၅၀ သယ်ဆောင်ပြေးဆွဲပေးလျက်ရှိသည်။ ပုဂ္ဂလိကအရောင်းဆိုင်များသာမက အမှတ် (၁)စက်မှုဝန်ကြီးဌာနက ဝင်းသူဇာအရောင်းဆိုင်နှင့်အခြားသော ဝန်ကြီးဌာနများမှ ဈေးဆိုင်များဖွင့်လှစ်ပြီး ရန်ကုန်မြို့မှ မန္တလေးမြို့အထိ ဧရာဝတီမြစ်ကမ်းတစ်လျှောက် သတ်မှတ်ဆိပ်ကမ်းတွင် ရပ်နားရောင်းချပေးလျက်ရှိသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် သယ်ပို့ဌာနခွဲ ငါးခုနှင့် ကုန်စည်ပို့ဆောင်ရေးဌာနတို့၏ စွမ်းဆောင်မှုကြောင့် ၁၉၈၉–၉၀ ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေကျပ်သန်း ၂၁၅၁ဒသမ၂၀သန်းရှိခဲ့ရာမှ နှစ်စဉ်ဝင်ငွေတိုးတက်ရရှိခဲ့ပြီး ၂၀၀၃–၂၀၀၄ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေကျပ်သန်း ၃၈၁၁သန်းကျော် တိုးတက်ရရှိခဲ့ခြင်းနှင့် အသုံးစရိတ်နှင့် ဝင်ငွေအချိုး ၄၈ဒသမ ၈၄ရာခိုင်နှုန်း ရရှိခဲ့ခြင်းသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေကြောင်း သိသာထင်ရှားလှသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ဌာနတစ်ခုဖြစ်သော အင်ဂျင်နီယာဌာနသည် စက်ရှိ၊ စက်မဲ့ရေယာဉ်များနှင့် ဆိပ်ခံတွဲများအား ရေယာဉ်ကွပ်ကဲခိုင်မှုဆိုင်ရာ ကျွမ်းကျင်မှုလုပ်ငန်းများတွင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ကောင်းမွန်ကြံ့ခိုင်စေရန်၊ ရေယာဉ်ဟောင်းများအား အောက်ခြေသိမ်းပြင်ဆင်ခြင်း၊ ရေယာဉ်သစ်များ တည်ဆောက်ခြင်း၊ နှစ်ပတ်လည်ကျင်းတင်ပြင်ဆင်ခြင်း၊ အရေးပေါ် ကျင်းတင်ပြင်ဆင်ခြင်း၊ လိုအပ်ချက်နှင့်အညီ စက်သစ်တပ်ဆင်ခြင်းလုပ်ငန်းများကို နှစ်စဉ်ဘဏ္ဍာငွေခွင့်ပြုချက်အပေါ် မူတည်၍ သက်ဆိုင်ရာ လုပ်ငန်းဆက်နွယ်သည့် ဌာနများနှင့် ညှိနှိုင်းကာ စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရသည်။

အင်ဂျင်နီယာဌာနသည် ကျွမ်းကျင်မှုဆိုင်ရာ အတတ်ပညာရှင်များ၊ နည်းပညာရှင်များ၊ ရေယာဉ်လိုက်ဝန်ထမ်းများ လုံလောက်သော အင်အားရှိနေစေရေးနှင့် အရည်အသွေးပြည့်မီရေးအတွက် စုဆောင်းခြင်း၊ လေ့ကျင့် ပညာပေးခြင်း၊ ခွဲဝေနေရာချထားခြင်းတို့ကိုလည်းကောင်း၊ ရေယာဉ်စက်ကိရိယာပြုပြင်မွမ်းမံခြင်းနှင့် ပတ်သက်၍ နည်းစနစ် မှန်ကန်စေရေး၊ အသုံးပြုသည့်ပစ္စည်းများ မှန်ကန်ရေး၊ လေလွင့်ပြုန်းတီးမှုလျော့ပါးရေးတို့အတွက် ကြပ်မတ်ခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ရသည်။

ရေယာဉ်များ၊ စက်ပစ္စည်းကိရိယာများ၊ စက်ရုံအဆောက်အအုံများ၊ လွန်းကျင်းများ၊ အစားထိုးလဲလှယ်ရန်နှင့် စွမ်းအားတိုးချဲ့ရင်းနှီးရန် လိုအပ်ပါက လိုအပ်ချက်များကိုတင်ပြခြင်း၊ သင့်တော်မည့် သင်္ဘောကျင်းသုံးစက်ကိရိယာများ၊ ရေယာဉ်စက်မကြီးများ၊ မီးစက်များ၊ ရေယာဉ်သုံးကိရိယာတန်ဆာပလာများ၊ အခြားလျှပ်စစ်ကိရိယာများကို လေ့လာခြင်း၊ ရွေးချယ်ခြင်း၊ ဝယ်ယူခြင်းစသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ လုပ်ငန်းကုန်ကျစရိတ်အနည်းဆုံးနှင့် ရင်းနှီးမြှုပ်နှံမှုကို အထိရောက်ဆုံးအသုံးချပြီး ဒေသဆိုင်ရာလိုအပ်ချက်များနှင့် လျော်ညီမှုရှိသော ရေယာဉ်များကို ပုံစံထုတ် တည်ဆောက်ပေးခြင်းနှင့် ရေယာဉ်များ စွမ်းအားအပြည့်အဝရရှိရေးနှင့် လမ်းခရီးတွင် ခုတ်မောင်းနေချိန်၌ ကြံ့ခိုင်မှု အပြည့်အဝရရှိရေးအတွက် တာဝန်ယူဆောင်ရွက်ပေးရသည်။ အင်ဂျင်နီယာ ဌာနတွင် စက်ပြင်ဌာနခွဲ၊ ရေယာဉ်စုအင်ဂျင်နီယာဌာနခွဲ၊ ဒလသင်္ဘော ကျင်း၊ အလုံသင်္ဘောကျင်း၊ မန္တလေးသင်္ဘောကျင်း၊ မုတ္တမသင်္ဘောကျင်း၊ စစ်တွေသင်္ဘောကျင်း၊ ချင်းတွင်းသင်္ဘောကျင်းဟူ၍ ဌာနခွဲရှစ်ခုဖြင့် ဖွဲ့စည်းဆောင် ရွက်လျက်ရှိသည်။

သင်္ဘောကျင်းများအနက် နှစ်(၁၀၀)ပြည့် အလုံသင်္ဘောကျင်း၏ ထူးခြားချက်တချို့ကို တင်ပြလိုသည်။ အလုံသင်္ဘောကျင်းသည် ရန်ကုန်တိုင်း အလုံမြို့နယ် ကမ်းနားလမ်း၊ အမှတ်၇၀၇ တွင် တည်ရှိသည်။ မြောက်ဘက်တွင် သခင်မြပန်းခြံ၊ အရှေ့ဘက်တွင် ရွာသစ်ချောင်း၊ တောင်ဘက်တွင် ရန်ကုန်မြစ်နှင့် အနောက်ဘက်တွင် ကုန်သေတ္တာများ တင်ပို့လက်ခံဆောင်ရွက်ပေးနေသည့် ရန်ကုန်စက်မှုဆိပ်ကမ်းတို့ ဝန်းရံတည်ရှိလျက်ရှိသည်။ အကျယ်အဝန်းမှာ ၂၈ဒသမ၆၂ဧက ရှိသည်။ ၁၉၀၄ခုနှစ်တွင် အင်္ဂလိပ်အစိုးရထံမှ ဧရာဝတီဖလိုတီလာ ကုမ္ပဏီက ဝယ်ယူခဲ့ပြီး ရန်ကုန်ဖောင်ဒရီအမည်ဖြင့် ရေယာဉ်ပြင်ဆင်ခြင်းနှင့် သံရည်ကျိုခြင်း၊ ကြေးရည်ကျိုခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရသည်။

၁၉၄၈ခုနှစ် ဇွန်လ ၁ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ (၄၄)အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ၁၉၄၈ခုနှစ် အက်ဥပဒေအမှတ်(၂၄)ဖြင့် ဧရာဝတီဖလိုတီလာ ကုမ္ပဏီ၏ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို နိုင်ငံပိုင် ပြုလုပ်ခဲ့သည်။ ၁၉၆၂ခုနှစ်တွင် ရန်ကုန်ဖောင်ဒရီအမည်မှ အလုံသင်္ဘောကျင်း အမည်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

အလုံသင်္ဘောကျင်းသည် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး အင်ဂျင်နီယာဌာနမှ သင်္ဘောကျင်း ခြောက်ကျင်းအနက် ဒုတိယအကြီးဆုံးသင်္ဘောကျင်းဖြစ်သည်။ အလုံသင်္ဘောကျင်းသည် ရေချိုဖြန့်ဝေရာ၌ ထင်ရှားခဲ့သည်။ ရန်ကုန်မြစ်အတွင်းရှိ နိုင်ငံခြားသင်္ဘောများသို့ ရေချိုဖြည့်ဆည်းပေးပို့ခဲ့ရာ အလုံသင်္ဘောကျင်းမှ ထွက်ရှိသည့်ရေချိုသည် သန့်စင်မှု၌ ကမ္ဘာ့သိဖြစ်ခဲ့သည်။ ဌာနပိုင်သင်္ဘောများ၊ လမ်းမတော်မြစ်ဝဌာနခွဲနှင့် ရန်ကုန်မြို့ တစ်ဖက်ကမ်းရှိ ဒလမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဒေါပုံမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းရှိကျေးရွာရပ်ကွက်များသို့ ရေတင်သင်္ဘော ၁၄စင်းဖြင့် ဖြန့်ဖြူးပေးပို့နိုင်ခဲ့သည်။ ရေကြည်ဌာနဆိပ်တွင် ရေကြည်စစ်ဆေးသူ၊ ဓာတ်ခွဲကျွမ်းကျင်သူတစ်ဦးအား ခန့်ထားစစ်ဆေးစေခဲ့သည်။ ယနေ့တိုင် ရေကြည်ဖြန့်ဖြူးနေဆဲ ဖြစ်သည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး စက်ရှိ၊ စက်မဲ့၊ ဆိပ်ခံ စုစုပေါင်း ၅၂၉အနက် အလျားပေ ၁၀၀၊ တန်ချိန် ၁၅၀အောက်ရှိ ရေယာဉ်များ အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဒေသသွားခရီးသည်နှင့် ကုန်စည်တင်ရေယာဉ်များကို ပြင်ဆင်ပေးခြင်း၊ ၁၉၆၅ခုနှစ်မှ ယနေ့အထိ ၂၅တန်မှ တန် ၅၀၀အထိ လူစီး၊ ကုန်တင်၊ ကားကူးဇက်ကူး ကမ်းထိုးရေယာဉ် စုစုပေါင်း ၄၀ အား အသစ်တည်ဆောက်ပေးခဲ့သည်။ တစ်နှစ်လျှင် ရေယာဉ်အကြီးစား ပြင်ဆင်ခြင်း ပျမ်းမျှ ၅၈စင်း၊ အသေးစားပြင်ဆင်ခြင်း ပျမ်းမျှ ၁၈၂စင်းအား ပြင်ဆင်ပေးခြင်းဖြင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး၏ စွမ်းအင်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။

၁၉၇၄–၇၅ အထိ ပြေးဆွဲခုတ်မောင်းခဲ့သော ရေနွေးငွေ့သုံးဘွိုင်လာစက်များ၏နေရာတွင် ဒီဇယ်အင်ဂျင်စက်များ ပြောင်းလဲတပ်ဆင်အသွင်သစ်နိုင်ခဲ့သည်မှာလည်း အလုံသင်္ဘောကျင်းနှင့်ဒလသင်္ဘောကျင်းတို့ဖြစ်သည်။ ၁၉၈၆ ခုနှစ်တွင် ပြည်တွင်းပြည်ပ ပို့ကုန်များအား လိုအပ်သည့်ဒေသများသို့ ပို့ဆောင်ရန် သမဝါယမနှင့် ပုဂ္ဂလိကကုန်စည်များပို့ဆောင်ရန် မြန်မာ့မီးရထား (ထို့စဉ်ကရထား ပို့ဆောင်ရေးကော်ပိုရေးရှင်း) မလွကုန်း၊ မြစ်ငယ်၊ မြို့ဟောင်း တွဲပြင်စက်ရုံများရှိ ကုန်တွဲပျက်ပေါင်း ၂၁၉၃စင်းအား ပြုပြင်ရန်၊ စာရင်းမှ ပယ်ဖျက်ရန်အတွက် နိုင်ငံတော်က အထူးတာဝန်တစ်ရပ်အဖြစ် တာဝန်ပေးအပ်ခဲ့သည်။ ဒလသင်္ဘောကျင်းနှင့် အလုံသင်္ဘောကျင်းသည် အခြားဌာနများကဲ့သို့ အဆိုပါတာဝန်အား ကျေပွန်ခဲ့ပေသည်။ ဒလသင်္ဘောကျင်းမှာ ရန်ကုန်မြစ်တစ်ဖက်ကမ်းတွင် တည်ရှိသောကြောင့် ပြုပြင်ရမည့်ရထားတွဲများအား ပို့ဆောင်ပေးရန် ကန့်သတ်ချက် ကြီးမားခဲ့သည်။ ထို့ကြောင့် အလုံသင်္ဘောကျင်းဝင်းအတွင်းမှပင် နေရာခွဲ ဝေသတ်မှတ်၍ မူရင်းတာဝန်ဖြစ်သော သင်္ဘောများပြုပြင်တည်ဆောက်မှု အရှိန်အဟုန်မပျက်စေဘဲ တစ်ပြိုင်နက်တည်း လုပ်အားပြိုင်ခဲ့ကြရသည်။ ကုန်တွဲ ၅၁တွဲအား အဟောင်းမှအသစ်ထွက်စေခဲ့ပြီး အတက်တန်းတွဲသစ်ခြောက်တွဲကိုလည်း သစ်လွင်ခိုင်ခံ့တောက်ပစွာဖြင့် ဆိုင်ရာဒေသလုပ်ငန်းခွင်များအရောက် ပေးပို့နိုင်ခဲ့သည်မှာ ပြည်တွင်းရေကြောင်းသင်္ဘောကျင်းများ၏ ထူးခြားသော အောင်မြင်မှုဟု ဆိုရမည်ဖြစ်ပေသည်။

သင်္ဘောများ ပြုပြင်တည်ဆောက်ရာ၌ လိုအပ်ချက်တစ်ရပ်ဖြစ်သော အက်ဆီတလင်းဓာတ်ငွေ့ကို ယခင်က အခြားဌာနများမှ တင်သွင်းခဲ့ရသော်လည်း ၁၉၉၇ခုနှစ်တွင် အလုံဘော်ကျင်းအတွင်း၌ အဆိုပါ ဓာတ်ငွေ့စက်ရုံကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ သင်္ဘောကျင်းများသို့ ဖြန့်ဝေနိုင်ခဲ့သည်။ ပြည်တွင်းပြည်ပမှ မှာယူတင်သွင်းခဲ့သော စက်ပစ္စည်းများအား သိုလှောင်ထိန်းသိမ်းဖြန့်ဖြူးရာအဓိကဌာနတစ်ခုလည်း ဖြစ်သည်။ ခြုံ၍ဆိုရသော် အလုံသင်္ဘောကျင်းသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ သားကောင်းတစ်ယောက်၊ကျောက်ကောင်းတစ်ပွင့်ဖြစ်ပေသည်။ ၁၉၀၄ ခုနှစ်မှအစပြုခဲ့သော အလုံသင်္ဘောကျင်းသည် ၂၀၀၄ခုနှစ် ဧပြီလ ၁ရက်နေ့တွင် နှစ်တစ်ရာတိုင်ခဲ့ပြီဖြစ်သည်။

❖ ကျောဖုံးမှ

ရှားရှားပါးပါး မန်ကျည်းပင်ကြီးများကို တွေ့မြင်ရသောအခါ စာရေးဆရာ သော်တာဆွေ ရေးဖွဲ့ခဲ့သော

"သူ့ရာသီ အခါသက်ပြီမို့
နုရှာသည် တမာခံတက်တွေနဲ့
မန်ကျည်းရွက်ရယ်တဲ့ ရာသီစာ
မရန်းကလည်း ကင်းပြီကောဗျ
ဝမ်းတဝ ခံတွင်းထမင်းမြိန်စရာပေ့ါ
ချိန်အခါရာသီကျွေးခိုက်မှာ
လွေးလိုက်ကြပါ။
ပြီးတစ်ဖန် အလျှံပယ်လာလိမ့်ဦးမယ်ဗျ
အသီးအနှံ့ အသွယ်သွယ်
ဥအမယ်မယ်တွေကလဲ မဆုံးပါဘူး
သုံးလေးလ ဤရာသီမှာ
ပြည်မြန်မာ၏ထွက်ကုန်ပေါ
စားစရာတွေ
များလှဖြာဖြာဝေလို့
ကမ္ဘာမြေမှာ ရှာမှရှားပေလိမ့်
ကြွားချဲ့မပြော"

ဟူ၍ 'ရာသီစာ' အမည်ရှိ ကဗျာလေးကို ပြေး၍သတိရမိသည်။

တောအထပ်ထပ် တောင်အသွယ်သွယ်ကိုသာ တောက်လျှောက်မြင်တွေ့နေရာမှ ယခု ကျေးရွာကြီးများကို ပြောင်းလဲခံစားမြင်တွေ့ရ၍ ကဗျာဉာဏ်များ ကွန့်မြူးလာသည်။ ဒေသခံတို့၏ စီးပွားရေး အခြေအနေကို လျှပ်တစ်ပြက် မြင်လိုက်ရ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည်။

ဒါးဆိပ်မြစ်ရေတင်စီမံကိန်း

မိမိတို့ကားရပ်နားသည့် နေရာရှိ ဆိုင်းဘုတ်ကို ကြည့်လိုက်သောအခါ ဒါးဆိပ် မြစ်ရေတင်စီမံကိန်း လုပ်ငန်းခွင် ဖြစ်သည်။ ဒါးဆိပ်မြစ်ရေတင်စီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်၊ ဒါးဆိပ်ကျေးရွာတွင် ဆောင်ရွက်နေသည့် စီမံကိန်းဖြစ်သည်။

လမ်းညွှန်မှု

လင်းခေးမြို့နယ်သည် ကမ္ဘောဇဌာနီ ရှမ်းပြည်နယ်တွင် တည်ရှိသော်လည်း ရှမ်းပြည်နယ်၏ အညာဒေသဟု ဆိုစမှတ်ပြုလောက်အောင်ပင် ရေရှားသည်။ နှစ်စဉ်ပျမ်းမျှမိုးရေချိန်မှာ ၂၉ လက်မသာ ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ဒါးဆိပ် မြစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

ဒါးဆိပ်မြစ်ရေတင်စီမံကိန်းသည် နမ့်တိန်ချောင်း၏ အနောက်ဘက်ကမ်း လင်းခေးမြို့နယ်၏ အနောက်မြောက် သုံးမိုင်ခန့်အကွာတွင် တည်ရှိပြီး ဒါးဆိပ် ပင်ထနောင်း၊ ဟိုနားရွာ၊ တန်ခန့်၊ မြို့မနှင့်ပုန်းထွန်ကျေးရွာများ ပါဝင်သည်။

ဒေသလိုအပ်ချက်သီးနှံစိုက်နိုင်

ဒါးဆိပ် မြစ်ရေတင်စီမံကိန်းကြောင့် ဒေသတွင်း စိုက်ပျိုးဧရိယာဧက ၃၄၀၀ အား ရေတင်စိုက်ပျိုးနိုင်ပေလိမ့်မည်။ စီမံကိန်းဆောင်ရွက်ပြီးပါမူ ယာမြေအား လယ်မြေသို့ ကူးပြောင်းစေ၍ ဒေသလိုအပ်ချက်သီးနှံများကိုပင် စိုက်ပျိုးနိုင်မည်ဟု သိရသည်။

အဆိုပါစီမံကိန်းကို ဒါးဆိပ်ဒေသတွင် သီးနှံစိုက်ပျိုးစွမ်းအား တိုးမြှင့်ရန် ရည်ရွယ်၍ နမ့်တိန်ချောင်းမှ ရေကိုစုပ်တင်လျက် စိုက်ပျိုးရေတင်စီမံကိန်းအဖြစ် ၂၀၀၃ခုနှစ် ဩဂုတ် ၉ ရက်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရေအရင်းအမြစ်

ဒါးဆိပ် မြစ်ရေတင်စီမံကိန်း၏ တူးမြောင်းမကြီး အရှည်မှာ ပေ၂၇၈၀၀ ရှိပြီး လက်တံမြောင်း ၁၆ခုပါရှိကာ အရှည်မှာ ပေ ၄၉၇၀၀ ရှိသည်။ ရေအရင်းအမြစ်မှာ နမ့်တိန်ချောင်းဖြစ်ပြီး နမ့်တန်းချောင်း၏ အမြင့်ဆုံးနှင့်အနိမ့်ဆုံးရေမှတ်ခြားနားချက်မှာ ၁၅ပေရှိသည်။ ရေတင်အမြင့်ပေ ၅၉ပေရှိသော ပင်မရေတင်စခန်းနှင့် ရေတင်အမြင့်ပေ ၅၃ပေ၊ ၅၀ပေ၊ ၅၀ ပေစီရှိသော ထပ်ဆင့်ရေတင်စခန်း သုံးခုပါဝင်သည်။

မြောင်းမကြီး

ယခုလက်ရှိတွင် မြောင်းမကြီး ဆောင်ရွက်နေမှုမှာ ၅၂ ဒသမ ၅၇ ရာခိုင်နှုန်း၊ လက်တံမြောင်း ဆောင်ရွက်မှုမှာ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်း၊ ရေငြိမ်ကန်မှာ ၂၅ ရာခိုင်နှုန်း၊ ရေဆိုးထုတ် အဆောက်အအုံမှာ ၂၀ ရာခိုင်နှုန်းနှင့် ရေစုပ်ကန်မှာ ၁၀ ရာခိုင်နှုန်း ပြီးစီးလျက် ရှိကြောင်းသိရသည်။

ရွှေကိုမလို ရေကိုသာလို

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က "သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ရန်"မှာကြားခဲ့ရာ ဒါးဆိပ်မြစ်ရေတင်စီမံကိန်းပြီးစီးပါက လင်းခေးမြို့နယ်ရှိ ကျေးရွာတို့မှ တောင်သူဦးကြီးတို့ ယခုထက် မြေကြီးမှ ရွှေသီးလာကြပါလိမ့်မည်။ ရွှေကိုမလို ရေကိုသာလိုသော ဦးကြီးတို့အတွက် ရေရှိလျှင် ရွှေရှိလာကြလိမ့်မည်ဖြစ်ရာ လင်းခေးမြို့နယ်မှ အပြန်ခရီးကား ချမ်းမြေ့အေးချမ်းမှုအတိဟု ဆိုရပါလိမ့်မည်။ ။ **(မြန်မာ့အလင်း)**

လှိုင်လင်ခရိုင် လင်းခေးမြို့နယ်အတွင်း ဒါးဆိပ်မြစ်ရေတင်စီမံကိန်းမှ တည်ဆောက်လျက်ရှိသည့် လုပ်ငန်းခွင်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း)

လှိုင်လင်ခရိုင် လင်းခေးမြို့နယ်အတွင်း တည်ဆောက်လျက်ရှိသည့် ဒါးဆိပ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း)

ရွှေနိုင်ငံဂျာနယ်အတွဲ(၃)၊အမှတ်(၁)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာဌာနက ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၁)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

(ယာပုံ)

အဆိုပါဂျာနယ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၅၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တက်ရောက်မိန့်ခွန်းပြောကြားသည့် သတင်း၊ တက္ကသိုလ်မြတ်သူ၊ မုံရွာဝင်းဖေ၊ ဆင်ဖြူကျွန်းမြင့်သိန်း၊ မြတ်ရည်မွန်၊ ဦးလှမင်း၊ တက္ကသိုလ်သိခ်၊ မောင်မောင် စိုးသက်၊ မိုးထက်မောင်မောင်၏ ဖတ်ဖွယ်မှတ်ဖွယ်ဆောင်းပါးများ၊ မြတ်လွမ်းနောင် (ပုတီးကုန်း)၊ ဝတ်ရည်တို့၏ ကဗျာများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဒေသ ဖွံ့ဖြိုးရေး အကောင်အထည်ဖော်မှုသတင်းများ၊နိုင်ငံတကာဖြစ်ရပ်များ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၁၀ ဆောင်းပါးမှ

အလုံသင်္ဘောကျင်း၏နှစ်(၁၀၀)ခရီးတွင် ရေယာဉ်သစ်များတည်ဆောက်ပေးခြင်း၊ ရေယာဉ်ဟောင်းများပြုပြင်ပေးခြင်း၊ အခြားအင်ဂျင်နီယာပိုင်းဆိုင်ရာလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ခြင်းတို့ဖြင့် အစဉ်အလာကောင်းခဲ့သည့် အလုံသင်္ဘောကျင်း၏ ဝန်ထမ်းဟောင်းကြီးများ လက်ရှိဆောင်ရွက်ဆဲဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းတင်ရမည်ဖြစ်ပေသည်။

နိုင်ငံတော်အနေဖြင့် လမ်းများ၊ တံတားကြီးများ လမ်းပန်းဆက်သွယ်ရေးလုံခြုံစိတ်ချမြန်ဆန်စေရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိရာ ယခုအခါ မြန်မာနိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာနေပြီ ဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသအနှံ့အပြားတွင် ယခင်ကမမျှော်မှန်းရဲသော၊ မရှိခဲ့ဘူးသော၊ အိပ်မက်ပင်မမက်ခဲ့ဘူးသော လမ်းတံတားသစ်ကြီးများတည် ဆောက်ပေးသည့်အတွက် နေရာအနှံ့ကို ကားဖြင့် သွားလာနိုင်ခဲ့ပြီဖြစ်သော်လည်း ကုန်တန်ချိန်များပြီး ကျယ်ဝန်းသောပစ္စည်းများကိုသဘာဝအရင်းအမြစ်ဖြစ်သောမြစ်ချောင်းများကို အသုံးပြု၍ ဈေးနှုန်းချိုသာဆုံးဖြင့် သယ်ဆောင်ပေးနေသော ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းသည် ဆက်လက်အရေးပါနေမည်ဖြစ်သည်။ ရေယာဉ်များပြင်ဆင်တည်ဆောက်ပေးသော သင်္ဘောကျင်းများအနေဖြင့်လည်း ရေယာဉ်များပြင်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်ပေးနေရဦးမည်ဖြစ်သည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းတွင် အကြီးဆုံးနိုင်ငံပိုင်ပို့ဆောင်ရေးလုပ်ငန်းကြီးတစ်ခုဖြစ်ပြီး စက်ရှိရေယာဉ် ၃၃၁စီး၊ စက်မဲ့တွဲ ၁၅၈စီး၊ ဆိပ်ခံ ၄၀ စုစုပေါင်း ရေယာဉ် ၅၂၉စီးဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၎င်းရေယာဉ်များ၏ ကြံ့ခိုင်မှုနှင့် လုံခြုံစိတ်ချရမှုသည် သင်္ဘောကျင်းများ၏ ပြင်ဆင်တည်ဆောက်မှုပေါ်တွင် မူတည်လျက်ရှိသဖြင့် သင်္ဘောကျင်းများ၏ အခန်းကဏ္ဍကို အစဉ်တိုးမြှင့်နေရမည်ဖြစ်သည်။

နိဂုံးချုပ်အားဖြင့် ရှည်လျားလှသော သမိုင်းကြောင်းနှင့်အတူဝန်ဆောင်မှုကဏ္ဍနှင့်စီးပွားရေးကဏ္ဍနှစ်ရပ်စလုံးတွင် အစဉ်အလာကောင်းခဲ့သောပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာ၌ ဖွဲ့သန်သန် ခံယူချက်အပြည့်အဝဖြင့် တည်ဆောက်စွမ်းအားမြှင့်တင်ပေးနေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

မြန်မာ့ရုပ်မြင်သံကြား

၉-၄-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓမ္မာအဂ္ဂမဟာ သဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၆။	ရိုးရာကျေးလက်ကစားနည်း
၈:၀၀	၇။	အကပြိုင်ပွဲ
၈:၁၀	၈။	မန်းချောင်းတံတား
၈:၂၀	၉။	ခါသကြန်အဆိုအကများ
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	English for Everyday Use.

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Demonstration Exercises for Correct Pronunciation
၁၆:၄၅	၄။	ခါသကြန်အဆိုအကများ
၁၆:၅၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒ အထူးပြု) (ရူပဗေဒ)
၁၇:၀၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၂၀	၇။	တေးဂီတအစီအစဉ်
၁၇:၃၅	၈။	နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၇:၄၅	၉။	နှောင်းခေတ်တေးပဒေသာ
၁၈:၀၀	၁၀။	ခါသကြန်အဆိုအကများ
၁၈:၀၅	၁၁။	Discovery
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ "မိုးနတ်မယ်" (အပိုင်း-၁၄)
၁၉:၃၅	၁၅။	ခါသကြန်အဆိုအကများ
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	မြန်မာဗီဒီယိုဇာတ်လမ်း "ခွင့်လွှတ်မယ်ဆိုရင်" အပိုင်း(၂) မင်းမော်ကွန်း၊ခိုင်သင်းကြည် (ဒါရိုက်တာ-ကိုဇော်၊ အရဏ်ဦး)

နှစ်ကျိုပ်ရှစ်ဆူမြတ်စွာဘုရား ဒေသစာရီအပူဇော်ခံမည်

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်းအရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် တပ်မြေအမှတ် (၆) ရပ်ကွက် (၃၆)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများ ဒေသစာရီကြွချီအပူဇော်ခံပွဲကို မြန်မာနှစ်ဆန်း ၁ ရက်မှ ၄ ရက် (ဧပြီ ၁၇ ရက်မှ ၂၀ ရက်) အထိ ပုဇွန်တောင်မြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီးသို့ လှည့်လည်အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်များပြီးဆုံး လက်ရှိချန်ပီယံအေစီမီလန်ပြိုင်ပွဲမှထွက်ရပြီ

ရန်ကုန် ဧပြီ ၈

ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယမန်နေ့ကကျင်းပရာ လက်ရှိချန်ပီယံ အေစီမီလန်နှင့် လိုင်ယွန်တို့ရှုံးပွဲကြုံကာ ပြိုင်ပွဲမှထွက်သွားရပြီဖြစ်သည်။ အေစီမီလန်သည် ပထမအကျော့ပွဲစဉ်တွင် ဂိုးပြတ်အနိုင်ရရှိခဲ့၍ အကြိုဗိုလ်လုပွဲတက်နိုင်မည်ဟု ရေပန်းစားလျက်ရှိသော်လည်း အဝေးကွင်း၌ ဂိုးပြတ်ရှုံးနိမ့်သွားရာ ဘောလုံးဝါသနာအိုးများ အံ့အားသင့်ခဲ့ကြရသည်။

ဒီပို့တီဗိုနိုင်

စပိန်နိုင်ငံဒီပို့တီဗိုကွင်း၌ ယှဉ်ပြိုင်ကစားသော ဒုတိယအကျော့ပွဲစဉ်တွင် ဒီပို့တီဗိုအသင်းက အေစီမီလန်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ အီတလီနိုင်ငံ အေစီမီလန်ကွင်း၌ ယှဉ်ပြိုင်ကစားသော ပထမအကျော့ပွဲစဉ်တွင် အေစီမီလန်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဒီပို့တီဗိုအသင်းက အေစီမီလန်အသင်းကို နှစ်ပွဲပေါင်း ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရကာ အကြိုဗိုလ်လုသို့ တက်ရောက်သွားသည်။

ဒီပို့တီဗိုအသင်းအတွက် အနိုင်ဂိုးများကိုပင်ဒီယာနီ၊ဗဲလာရွန်၊ လုကေးနှင့်ဖရန်တို့က တစ်ဂိုးစီသွင်းယူပေးသည်။ အီတလီအသင်းများအနက် နောက်တန်း အတောင့်တင်းဆုံးအသင်းဟု နာမည်ကျော်သော အေစီမီလန် အသင်းသည် ယခုပွဲစဉ်တွင် ခြေစွမ်းမပြနိုင်ဘဲ လေးဂိုးတိတိ အသွင်းခံခဲ့ရသည်။

လိုင်ယွန်နှင့်ပေါ်တိုသရေကျ

ပြင်သစ်နိုင်ငံ လိုင်ယွန်ကွင်း၌ ယှဉ်ပြိုင်ကစားသော ဒုတိယအကျော့ပွဲစဉ်တွင် လိုင်ယွန်အသင်းနှင့် ပေါ်တိုအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။ ပေါ်တူဂီနိုင်ငံ ပေါ်တိုကွင်း၌ ယှဉ်ပြိုင်ကစားသော ပထမအကျော့ပွဲစဉ်တွင် ပေါ်တိုအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ပေါ်တိုအသင်းက လိုင်ယွန်အသင်းကို နှစ်ပွဲပေါင်းလေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

လိုင်ယွန်အသင်းအတွက် လုယင်ဒူလာနှင့် အယ်ဘာတို့က တစ်ဂိုးစီသွင်းပြီး ပေါ်တိုအသင်းအတွက် မန်နီချီတစ်ဦးတည်းက နှစ်ဂိုးသွင်းယူပေးသည်။ ပေါ်တိုအသင်းသည်၁၀နှစ်တာကာလအတွင်း ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်သို့ ပထမဆုံးအကြိမ်တက်ရောက်နိုင်ခြင်းဖြစ်သည်။

နာမည်ကြီးများထွက်ရ

ဥရောပချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ ဗိုလ်စွဲနိုင်သည်ဟု ထင်ကြေးပေးခြင်းခံရသော နာမည်ကြီးအသင်းများအားလုံး ဒုတိယအကျော့တွင် ရှုံးပွဲနှင့် ရီးရဲမက်ဒရစ်၊ အေစီမီလန်နှင့် အာဆင်နယ်တို့သည် ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားခဲ့ကြရာ ၎င်းတို့သုံးသင်းမပါဝင်တော့၍ ဘောလုံးဝါသနာအိုးများကြားတွင် စိတ်ဝင်စားမှု အတော်အတန် လျော့နည်းသွားဖွယ်ရှိသည်။

အကြိုဗိုလ်လုပွဲ

ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ပထမအကျော့ အကြိုဗိုလ်လုပွဲစဉ်

အေစီမီလန်အလယ်တန်းလူ ဘရာဇီးနိုင်ငံမှ ကာကာ၏ ထိုးဖောက်ဂိုးသွင်းမှုကို ဒီပို့တီဗို ဂိုးသမား မိုလီနာက ကာကွယ်ဟန့်တားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရင်ဆိုင်ရကာ စောစောစီးစီး ဘေးထွက်ထိုင်လိုက်ရသည်။ ဧပြီ ၇ ရက်က ယှဉ်ပြိုင်ကစားသော ပွဲစဉ်များတွင် ရီးရဲမက်ဒရစ်က မိုနာကိုကို လည်းကောင်း၊ အာဆင်နယ်က ချယ်လ်ဆီးကို လည်းကောင်း ရှုံးနိမ့်ခဲ့ကြသည်။

များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ ဧပြီ ၂၀ ရက်တွင် မိုနာကိုအသင်းနှင့် ချယ်လ်ဆီးအသင်း၊ ဧပြီ ၂၁ ရက်တွင် ပေါ်တိုအသင်းနှင့် ဒီပို့တီဗိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။

(မြန်မာ့အလင်း)

ဧပြီ ၁ ရက်က သာသနာရေးဝန်ကြီးဌာနတွင် အသုံးပြုရန်အတွက် ပန်းပိတောက် ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက် နှင့် ဂျပန်နိုင်ငံမှ Ven.Dr. Eizen Kishima တို့က ကျပ်ငါးသိန်းတန်ဖိုးရှိ ကွန်ပျူတာတစ်စုံကိုလှူဒါန်းရာ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က လက်ခံရယူစဉ်။ (က-ပ)

အရှေ့တောင်အာရှလူငယ်ဘော်လီဘောပြိုင်ပွဲ မြန်မာလူငယ်ဘော်လီဘောလူရွေးပြိုင်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၈

၂၀၀၄ ခုနှစ် ဇူလိုင်လတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် (၁၃)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်အမျိုးသား ဘော်လီဘောပြိုင်ပွဲအတွက် မြန်မာလူငယ်အမျိုးသားဘော်လီဘော လူရွေးပြိုင်ပွဲကို ဧပြီ ၆ ရက်က ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လေ့ကျင့်ရေးရုံ၌ မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်က ကြီးမှူးကျင်းပရာ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသောဦးအောင်ကြည်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး (အား/ကာ သိပ္ပံ-ရန်ကုန်) ကျောင်းအုပ်ကြီး ဦးမောင်ဝင်း၊ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသိန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရွေးချယ်

လူရွေးပြိုင်ပွဲတွင် ပဏာမ လူငယ်များပါဝင်သော အေ အသင်း၊ ဘီအသင်းနှင့် စီအသင်း သုံးသင်းခွဲပြီး ယှဉ်ပြိုင်ကစားကြကာ အလားအလာရှိသော လူငယ်ဘော်လီဘော အားကစားသမား ၁၆ ဦးကို ပဏာမလက်ရွေးစင်များအဖြစ်ရွေးချယ်လိုက်သည်။

ယင်းပဏာမမြန်မာ့လူငယ်(အမျိုးသား) လက်ရွေးစင်ဘော်လီဘော အားကစားသမားများမှာ စံရွှေမောင်(ပို့ဆောင်ရေး)၊ သားအို(ကာကွယ်ရေး)၊ ဇော်ဇော်နောင်(လဝက)၊ပြည့်ဖြိုးလှိုင် (လဝက)၊ချမ်းငြိမ်းသူ (လဝက)၊ ကျော်သူရ(ပို့ဆောင်ရေး)၊ ဘိုဘိုထွန်း (အား/ကာ သိပ္ပံ-ရန်ကုန်)၊ သန့်ဇင်အောင်(အား/ကာ သိပ္ပံ-ရန်ကုန်)၊ လွှမ်းမိုးအောင်(ကာကွယ်ရေး)၊ မောင်မောင်ထွေး(ပို့ဆောင်ရေး)၊ စိုင်းညီလေး(လဝက)၊ မြတ်ကျော်ထွန်း (အား/ကာသိပ္ပံ-ရန်ကုန်)၊ စောဂျောင်းအောင်(ပို့ဆောင်ရေး)၊ စည်သူထွန်း (လဝက)၊ တင်မောင်ထွေး (အကျဉ်းဦးစီးဌာန)နှင့် အောင်ကြိုင် (အား/ကာ သိပ္ပံ-မန္တလေး)တို့ဖြစ်ကြသည်။

အမျိုးသမီး

ပဏာမမြန်မာလူငယ်(အမျိုးသမီး) လက်ရွေးစင် ဘော်လီဘောအားကစားသမားများအဖြစ် ချိုချိုဝင်း ၊ ဇူးဇူးမောင် နှင့် ဇင်မင်းသာ (ရန်ကုန်တိုင်းစစ်ဌာနချုပ်)၊ စောရတနာဝင်း (ကာကွယ်ရေး)၊ အေးနန္ဒာအောင်၊ ထက်ထက်လှိုင်၊ အေးအေးနု ၊မိုးမိုးစန်း၊ ဖြိုးပိုပိုထွေး၊ အင်စွမ်၊ ယဉ်နှင်းဖြူနှင့် စန္ဒာဌေး (ပို့ဆောင်ရေး)၊ အင်ဆန့် (ဆောက်လုပ်ရေး)တို့ကို ရွေးချယ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရားဟောကြားမည်

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၂ ရပ်ကွက် မေတ္တာချောင်းကူးရပ်ရှိ ဝင့်ကြွေးတော်ပြေဘုရား တည်ရှိရာ ရန်အောင်မြင်ကျောင်းတိုက်တွင် ဘဒ္ဒန္တ သိရိပါလဒီပါရာမ သာသနာပြုဆရာတော်က မဟာသကြ်န်အတွင်း ဝိပဿနာအလုပ်ပေး ခုနစ်ရက်တရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အကြမ်းဖက်သမားများမလေးရှားနိုင်ငံမြန်မာသံရုံးအားမီးရှို့ဖျက်ဆီး အကြမ်းဖက်သမားများ၏လူမဆန်သည့်လုပ်ရပ် မြန်မာနိုင်ငံကပြင်းထန်စွာရှုတ်ချ

ရန်ကုန် ဧပြီ ၈

၂၀၀၄ခုနှစ် ဧပြီ ၇ရက်နေ့ နံနက် ၁၀နာရီခန့်တွင် ဓား၊ ပုဆိန်၊ သံတုတ်များကိုယ်စီ ကိုင်ဆောင်ထားသော အကြမ်းဖက်သမားသုံးဦးသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးအုတ်တံတိုင်းကိုကျော်၍ သံရုံးအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့ပြီး မြန်မာသံရုံးအား တိုက်ခိုက်ခဲ့ပါသည်။ ထိုဖြစ်စဉ်အတွင်းတွင် အကြမ်းဖက်သမားများသည် မြန်မာသံရုံး အဆောက်အအုံနှင့် သံရုံးပိုင်မော်တော်ယာဉ်တို့အား မီးရှို့ဖျက်ဆီးခဲ့သည်။ ဤလုပ်ရပ်များအား မြန်မာသံရုံးက မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန မလေးရှားရဲစခန်းနှင့် မီးသတ်တပ်ဖွဲ့တို့သို့ ချက်ချင်း အကြောင်းကြားခဲ့သည်။

အဆိုပါ အကြမ်းဖက်သမားသုံးဦး၏ အဖျက်လုပ်ငန်းများကို မြန်မာသံရုံးရှိ ဝန်ထမ်းများ၊ သံရုံးဝင်းအတွင်းတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများက ခုခံတားဆီးခဲ့ရာ အကြမ်းဖက်သမားများသည် သံရုံးဝင်းအတွင်းမှ ထွက်ပြေးခဲ့ရသည်။ ထို့နောက် ရောက်ရှိလာသော မလေးရှားရဲများက ၎င်းတို့အား ဖမ်းဆီးသွားပါသည်။ အဆိုပါဖြစ်စဉ်အတွင်းတွင် မြန်မာသံရုံးမှ သံမှူးကြီးဦးခင်မောင်လင်း ဒဏ်ရာရရှိသွားပြီး ယခုအခါ ဆေးရုံ၌ ကုသမှုခံယူလျက်ရှိသည်။ သံအမတ်ကြီးဦးလှမောင် အပါအဝင် အခြားမြန်မာသံရုံး ဝန်ထမ်းများအနေဖြင့် ထိခိုက်ဒဏ်ရာရရှိခြင်း မရှိပါ။

မြန်မာသံရုံး အဆောက်အအုံကို မီးရှို့ပြီး သံအရာရှိတစ်ဦးအား ထိခိုက်ဒဏ်ရာရစေခဲ့သော အကြမ်းဖက်သမားများ၏ လူမဆန်သည့်လုပ်ရပ်ကို မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာရှုတ်ချသည်။ ဤအခြင်းအရာနှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် လုပ်ဆောင်ရန်လိုအပ်သည်များကို လုပ်ဆောင်လျက်ရှိပြီး မလေးရှားနိုင်ငံ အာဏာပိုင်များနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဧပြီ ၇ ရက် ညနေပိုင်းတွင်လည်း ကွာလာလမ်ပူမြို့သို့ ခေတ္တရောက်ရှိနေသော နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားနှင့် သံရုံးမှ တာဝန်ရှိသူများသည် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်ပြီး ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည့်အပြင် မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့်လည်း ရန်ကုန်မြို့ရှိ မလေးရှားသံရုံးနှင့် ဆက်သွယ် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။ ဤအတောအတွင်း မြန်မာနိုင်ငံမှ စုံစမ်းရေးအဖွဲ့တစ်ဖွဲ့ကို လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်နိုင်ရန်နှင့် မလေးရှားအာဏာပိုင်များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ စေလွှတ်ခဲ့သည်။ မလေးရှားနိုင်ငံ အာဏာပိုင်များကလည်း လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး ပါဝင်ပတ်သက်နေသည့် ပုဂ္ဂိုလ်များအားလုံးကို ဥပဒေကြောင်းအရ ပြတ်သားစွာ အရေးယူမည်ဖြစ်ကြောင်း ကတိကဝတ်များပေးခဲ့သည်။

ယခုအခါ ကွာလာလမ်ပူမြို့ မြန်မာသံရုံးသည် လုပ်ငန်းများ ပုံမှန်လုပ်ဆောင်လျက်ရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၂ ရက်က အထက(၁) တာမွေ ပင်လုံခန်းမ၌ အခြေခံပညာမူလတန်းကျောင်းများ၏ ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲပြုလုပ်ရာ အမက(၁၂)တာမွေမှ စတုတ္ထတန်းကျောင်းသူ မသဲပိုပိုအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီသိန်းက ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (က-ပ)

MRTV-3 တွင် ကြော်ငြာနိုင်

ရန်ကုန် ဧပြီ ၈

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-3သည် အာရှ၊ အာဖရိက၊ ဩစတြေးလျ၊ ဥရောပနှင့်အမေရိက အပါအဝင် နိုင်ငံတကာသို့ အစီအစဉ်များထုတ်လွှင့်ပေးလျက်ရှိရာ စီးပွားရေး လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ အချိန်တိုအတွင်း အောင်မြင်ဖြစ်ထွန်းစေရန်အတွက် MRTV-3 တွင် ကြော်ငြာများ ထည့်သွင်းနိုင်သည်။

MRTV-3 တွင် ကြော်ငြာများ ထည့်သွင်းခြင်းဖြင့် သင့်၏စီးပွားရေးလုပ်ငန်းများ၊ ဝန်ဆောင်မှု လုပ်ငန်းများ၊ နိုင်ငံတကာသို့ အချိန်တိုအတွင်း အချိန်နှင့်တစ်ပြေးညီ သိရှိပျံ့နှံ့ပြီး နိုင်ငံတကာ စီးပွားရေးဈေးကွက်သို့ ထိုးဖောက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူခိုးလျှင် အစုတ်ကျန်
မီးခိုးလျှင် အပြာကျန်

❑ ကျောဖုံးမှ

၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးကို မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းစဉ်လာများနှင့် အညီမကြာမီကျင်းပတော့မည်ဖြစ်သည်။

ရည်ရွယ်ချက်

ပြည်သူအပေါင်း စိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့်ရေသဘင်ပွဲတော်ကြီးတွင်ပါဝင်ဆင်နွှဲနိုင်ရန်၊ ပြည်သူတို့၏ တစ်နှစ်တာကာလပတ်လုံးပင်ပန်းနွမ်းနယ်မှုကိုအတာရေဖြင့် ပက်ဖျန်းရွှင်လန်းစေရန်၊ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန် ဟူသောရည်ရွယ်ချက်များဖြင့် ကျင်းပရန် စီစဉ်လျက်ရှိပေသည်။

မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ဓလေ့ထုံးတမ်းများနှင့်အညီ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကြီးကို ကျင်းပရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်ဌာနများထဲတွင် မြန်မာနိုင်ငံဂီတအစည်းအရုံးသည်လည်း အပါအဝင်ဖြစ်သဖြင့် မြန်မာ့အလင်း သတင်းအဖွဲ့က သွားရောက်မေးမြန်းခဲ့သည်။

မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌ အကော်ဒီယံဦးအုန်းကျော်က ပြောကြားရာတွင် မြန်မာနိုင်ငံ ဂီတအစည်းအရုံးက သင်္ကြန်ပွဲတော်တွင် ဖျော်ဖြေကြမည့်အဆိုတော်များ၊ တီးဝိုင်းအဖွဲ့များ၊ စီးပွားရေးကုမ္ပဏီများအားဖိတ်ကြား၍ဆောင်ရန်ရှောင်ရန်များ ပြောကြားထားကြောင်း၊ ဖျော်ဖြေမှု ဖျော်ဖြေရာမှာ ခေတ်နဲ့အညီပြောင်းလဲ တိုးတက်လာသော ဂီတနှင့်အတူ သီဆိုမှု အပိုင်းမှာလည်း ပြောင်းလာတာများရှိကြောင်း၊ လူငယ်များ အနေဖြင့် ခေတ်ဟောင်း ဂန္ထဝင်သီချင်းများကို ခေတ်ပေါ် တူရိယာများနဲ့ တွဲဖက်၍ သီဆိုနိုင် လာသည်ကို တွေ့ရကြောင်း၊ သင်္ကြန်ပွဲတော်ကြီးမှာ ဖျော်ဖြေကြမည့် ဂီတပညာရှင်များဖြစ်ကြသည့် တီးဝိုင်းအဖွဲ့များ၊ အဆိုတော်များ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများအား ယခုနှစ်တွင်ကျင်းပမည့် သင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းသည့် ပွဲတော်ကြီးဖြစ်သဖြင့် ဝတ်စားဆင်ယင်မှုများ၊ အများအမြင်တွင် မတင့်တယ်သည့်ဝတ်စားမှု၊ သီဆိုမှုများမပြုမိစေရန် မှာကြားမှုများရှိကြောင်းစသည်ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသည်။

ရင်းနှီးချစ်ကြည်

မဟာသင်္ကြန်ပွဲတော်သည် မြန်မာတို့၏ အမြတ်တနိုးတန်ဖိုးထားသည့် သန့်စင်မွန်မြတ်သော ရိုးရာဓလေ့ပွဲတော်ကြီးပင်ဖြစ်သည်။ မဟာသင်္ကြန်ပွဲတော်ကာလအတွင်းပြည်သူအပေါင်းတို့သည် မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ ခြေကျင်လျှောက်၍လည်းကောင်း တစ်မြို့လုံးရှိရေသဘင်မဏ္ဍပ်များသို့ လှည့်လည်ကာ ပျော်ပျော်ရွှင်ရွှင်ရင်းရင်းနှီးနှီး ချစ်ကြည်စွာ ရေပက်ကစားလေ့ရှိကြသည်။

သင်္ကြန်ပွဲတော်ကာလတွင် မြို့နယ်၊ ရပ်ကွက်များရှိလမ်းအသီးသီးတို့၌ စတုဒိသာများအဖြစ် မုန့်လုံးရေပေါ်၊ သာဂူချို၊ အအေး၊ ရွှေရင်အေး၊ ထမင်းစသည်တို့ဖြင့် ကျွေးမွေးကြသည့် ဓလေ့စရိုက်မှာလည်း အလွန်မွန်မြတ်သော ဆောင်ရွက်မှုများပင်ဖြစ်သည်။ လူကြီးမိဘ သက်ကြီးရွယ်အို၊ လူငယ်လူရွယ်များပါမကျန် ဥပုသ်သီတင်းသီလဆောက်တည်ရန် တရားစခန်းမဏ္ဍပ်များ လမ်းတိုင်းလမ်းတိုင်းမှာ ရှိကြသည်။

စေတီပုထိုး၊ ကျောင်း၊ ကန်များ၌ ဘောမဲ့ငါးလွှတ်ပွဲများကလည်း မြန်မာမှုနယ်ပယ်တွင် မွန်မြတ်သောကုသိုလ်ထူးတစ်ရပ်ပင်ဖြစ်သည်။

ချစ်စရာအမွေအနှစ်

သွေးလှူဒါန်းပွဲများ၊ သက်ကြီးပြုစုစောင့်ရှောက်ပွဲများကလည်း ချစ်စရာကောင်းသည့် အမွေအနှစ်တစ်ခုဖြစ်သည်။

ယင်းကဲ့သို့ မြတ်နိုးဖွယ်ရာ၊ပျော်ရွှင်ဖွယ်ရာ အလေ့အထများ ပါဝင်သည့် သင်္ကြန်ပွဲတော်ကြီးတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များနှင့် ဆန့်ကျင်သည့် အပြောအဆို၊ အပြုအမူ၊ ဝတ်စားဆင်ယင်မှုများနှင့် ကြမ်းတမ်းသည့် ရေကစားခြင်းများ မပြုလုပ်မိစေရန် ထိန်းသိမ်းကြရမည်ဖြစ်သည်။ သက်ဆိုင်ရာဌာနများကလည်း ထိုကဲ့သို့ မပြုလုပ်မိစေရန် ညွှန်ကြားချက်များ၊ နှိုးဆော်ချက်များ၊ စည်းကမ်းချက်များလည်း ထုတ်ပြန်ထားသည်။

သို့ဖြစ်၍ သင်္ကြန်ချစ်သူ ပြည်သူအပေါင်းတို့အနေဖြင့် ယခုနှစ်တွင် ကျင်းပမည့် မဟာသင်္ကြန်ပွဲတော်ကြီးတွင် အများအမြင်၌ မတင့်တယ်သည့် ဝတ်စားဆင်ယင်မှုများ၊ ပြုမူပြောဆိုမှုများ၊ မူးယစ်ရမ်းကားမှုများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှုများ မပြုလုပ်မိအောင် ရှောင်ရှားကာ ယဉ်ကျေးသိမ်မွေ့စွာ ဆင်နွှဲကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။**(မြန်မာ့အလင်း)**



ဂီတအပိုင်းကိုရော ရိုးရာယဉ်ကျေးမှုအပိုင်းကိုပါ ထိန်းထိန်းသိမ်းသိမ်း ဖျော်ဖြေတင်ဆက်သွားမည်။
(အကော်ဒီယံဦးအုန်းကျော်)
ဓာတ်ပုံမှတ်တမ်း- တင်စိုး (မြန်မာ့အလင်း)

ယိမ်းအက

ယမန်နှစ်က မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် လုပျိုဖြူလေးများက မြန်မာ့ရိုးရာ ယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။
ဓာတ်ပုံမှတ်တမ်း- တင်စိုး (မြန်မာ့အလင်း)

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် မြန္မာ့တေးသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို ဤသို့ ဖွင့်လှစ် ခဲ့သည်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

အပိုင်းမှာခေတ်ဟောင်းတေးသီချင်းများ အပြင်မြူးကြွသောသံစဉ်များဖြင့်လည်း တင်ဆက်ဖွယ်ရှိကြောင်း၊ ယခုနှစ်တွင် ရိုးရာသင်္ကြန်နှင့် ပတ်သက်သည့် သင်္ကြန်သီချင်းခွေများ၊ စီဒီများအများ အပြားထွက်ရှိကြောင်း၊မန်းတောင်ရိပ်ခိုစသော ဂန္ထဝင်သင်္ကြန်သီချင်းများကိုလည်း ယနေ့လူငယ်များ ခံစားသီဆိုလာကြတာတွေ့ရကြောင်း၊ သင်္ကြန်မှာ ဘယ်သီချင်းမဆို စည်တိုနှင့်ဒိုးချက်မပါရင် မပြီးကြောင်း၊ ဒီဟာကိုက ယဉ်ကျေးမှုတစ်ရပ်ဖြစ်လာကြောင်း၊ ဂီတအပိုင်းကိုရော ရိုးရာယဉ်ကျေးမှု အပိုင်းကိုပါထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဂီတသမားများကတစ်နိုင်ငံလုံးရှိ အမြို့မြို့အနယ်နယ်များသို့သွားရောက်ကာ ဖျော်ဖြေတင်ဆက်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း၊ သင်္ကြန်သီချင်းများဖြင့်

သင်္ကြန်မိုးကုတ် ဝိပဿနာစခန်းပွဲ

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) (၁၀၇) ရပ်ကွက်၊ ဓမ္မရက္ခိတ ကျောင်းတိုက်၌ ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း တစ်ဘဝသာသနာကျမ်းပြုဆရာတော် ဦးယောသိတ၏ တပည့် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သီလာနန္ဒနှင့် ဝိပဿနာ တရားနည်းပြဆရာ ဦးမြင့်သိန်း (ဂီတစာဆိုမြင့်သိန်းလေး)တို့က ပဋိစ္စသမုပ္ပာဒ် တရားများကို ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ ဟောကြားပြသမည်ဖြစ်ရာ တရားအားထုတ်လိုသော ယောဂီများ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်

ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူ ပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

သတိပြုရန်

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။

(ခ) အပျော်လွန်ကျူးစည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။

(ဂ) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။

(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။

(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။

(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။

(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။

(ည) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရထိရောက်စွာအရေးယူမည်။

၃။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန်မညစ်နွမ်းပါစေနှင့်"

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

မြဝတီရုပ်မြင်သံကြား

၉-၄-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ မြန်မာသင်္ကြန်
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၄။ မြန်မာသင်္ကြန်
၄း၃၀ ၅။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၄၀ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် Marketing (စီးပွားရေး၊ စီးပွားစီမံ)
၅း၃၀ ၈။ ပညာခေတ်
၅း၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၀။ English Premier League ဘောလုံးပွဲ Arsenal Vs Liverpool
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၃။ လျှပ်တစ်ပြက်
၁၄။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင်၊ မေတ္တာတရား"** (အပိုင်း-၆)ဇာတ်သိမ်းပိုင်း

ဝန်ကြီးဗိုလ်ချုပ်ဌေးဦးအား တရုတ်နိုင်ငံသံအမတ်ကြီးတွေ့ဆုံ လုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေးရင်းနှီးပွင့်လင်းစွာဆွေးနွေး

ရန်ကုန် ဧပြီ ၈

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H. E. Mr. Li Jinjun သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်းသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ (အပေါ်ပုံ)

ထို့သို့တွေ့ဆုံရာတွင် ဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက် ခိုင်မြဲရေးဆောင်ရွက်နေမှုများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်းပြည်နယ်တွင် ကျင်းပမည့် အနောက်ပိုင်းအပြည်ပြည်ဆိုင်ရာ ပြပွဲသို့ သမဝါယမအသင်းများအား ဖိတ်ကြားခြင်းနှင့် အသေးစား၊အလတ်စားလုပ်ငန်းများကိုပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

တက်ရောက်

တွေ့ဆုံရာသို့ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်း၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးသန်းနှင့် ဝန်ကြီးရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စတုဘုမ္မိကကျောင်း အလှူငွေပေးအပ်

ရန်ကုန် ဧပြီ ၈

သဃ်န်းကျွန်း ၈/မြောက်ရပ်ကွက် ပြည်သာယာလမ်း စတုဘုမ္မိက မဂ္ဂင် ရိပ်သာတွင် သင်္ကြန်အတွင်း သံဃာတော်များ အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းအတွက် အလှူငွေပေးအပ်ပွဲကို ဧပြီ ၄ ရက်က ပြုလုပ်ရာ ဒေါက်တာဦးလှသိန်း-ဒေါ်ရီ၊ သား ကိုဇေယျာထွန်းဖြူ သမီး ဒေါက်တာခင်သူဇာသိန်း၊ မြေး မောင်ဇော်ရဲထိုက် ဒဂုံတောင်မှ လှူဒါန်းငွေကျပ် တစ်သိန်း၊ ဦးအောင်မြင့်-ဒေါ်ခင်ကြိုင် မိသားစု တာမွေမှ ကျပ်သုံးသောင်း၊ ဦးအေးဖေ-ဒေါ်ခင်တုတ်မိသားစု သဃ်န်းကျွန်းက ကျပ်သုံးသောင်း၊ ဦးကျော်သူ-ဒေါက်တာခေမာရီ ရန်ကင်းမှ ကျပ်တစ်သိန်း၊ ဦးလှဝင်း-ဒေါ်ယဉ်နု မိသားစု သာကေတက ကျပ်တစ်သိန်းခွဲ၊ တောင်ဥက္ကလာပနေ ဦးကြည်-ဒေါ်မြစိန် မိသားစုက ကျပ်သုံးသောင်း၊ ဒေါ်စောမြမိသားစုက ကျပ်သုံးသောင်း၊ ကိုဝင်းမြင့်စိုး-မနှင်းနုဆွေ၊ သားမောင်ဘုန်းမြင့်သူတို့က ကျပ်တစ်သိန်း၊ စာရေးဆရာ မြင့်မိုရ်ဆွေ၊ သမီး မစိမ်းလဲ့ဆွေ (မြင့်သစ်စက်) တို့မှ ကျပ်တစ်သိန်းတို့လှူဒါန်းကြရာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုမာရ (သာသနဓဇ ဓမ္မာစရိယ၊ ဝိနယဝိဒူ) ကိုယ်စား ဥပဋ္ဌာက အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးကျော်သိန်း၊ ဒု-ဥက္ကဋ္ဌ ဦးစံအုန်း၊ ဘဏ္ဍာရေးမှူး ဦးအေးဖေ၊ တွဲဖက် ဘဏ္ဍာရေးမှူး ဦးလှဝင်းနှင့် အတွင်းရေးမှူး ဦးဝင်းကြိုင် တို့က လက်ခံရယူကြသည်။**(က-ပ)**

ဖခင်အမည်မှန်

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး ကျောင်း၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ် နဝမတန်း(ဃ)မှ မသီရိနှင်းဆု၏ ဖခင် အမည်မှန်မှာ ဦးသုတဖြစ်ပါကြောင်း။

အမည်ပြောင်း

ဗိုလ်မှူးသူရစိုးဝင်းနိုင်-ဒေါ်စန်းစန်းယု တို့၏သား အထက(၄)ကျိုင်းတုံမြို့ ဆဋ္ဌမတန်း (အေ) မှ မောင်ငြိမ်းကျော်အား မောင်ကျော်ထက်ခိုင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်ထက်ခိုင်။**

အများသိစေရန် ကြေညာချက်

မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် ကျောက္ကာကျေးရွာတွင် တည်ထားကိုးကွယ်သော မဟာဗောဓိဘုရားကြီးနှင့် သာသနိကအဆောက်အအုံကြီးများအား ရေရှည် တည်တံ့ရေးအတွက် ပြင်ဆင်ထိန်းသိမ်းရန်အလို့ငှာ ဘုရားဒါယိကာမကြီးဖြစ်သူ ဒေါ်မမကြီး ၁၂/ဗဟန(နိုင်)၀၅၅၄၅၆ က ၎င်းပိုင်ဆိုင်သော မြင်းခြံခရိုင် ပုပ္ပားမြို့ရှိ ဦးပိုင်အမှတ် (၆၁-၆၂)နှင့် မြေကွက်အမှတ် (၁၄-၁၅) စုစုပေါင်းမြေဧရိယာ ၀ ဒသမ ၉၈ ဧကရှိ ခြံမြေနှင့်အိမ်ကို ရောင်းချ၍ရရှိသောငွေအား လှူဒါန်းသွားရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ အထက်ဖော်ပြပါ ခြံမြေနှင့် အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဂေါပကအဖွဲ့
မဟာဗောဓိဘုရားကြီး
ကျောက္ကာကျေးရွာ၊ တောင်သာမြို့နယ်
မြင်းခြံခရိုင်၊ မန္တလေးတိုင်း။

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်ဖေဖေ - ဒုတိယဗိုလ်မှူးကြီးကျော်စိုး၊ ဦးစီး(ပ) လေကြောင်း ဆေးပညာဌာန၊ ကကဆေး(ငြိမ်း)၏ ၉-၄-၂၀၀၄ ရက်တွင် ကျရောက်သည့် ၇၀နှစ်ပြည့် မွေးနေ့မှသည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး လိုအင်ဆန္ဒ မှန်သမျှ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်-

ချစ်ဇနီး - ဒေါက်တာမြင့်မြင့်မေ

ချစ်သား၊သမီးများ -

မောင်ကျော်သက်
ဒေါက်တာအေးထွန်း-ဗိုလ်မှူးယုယုခင်
မဝင်းဝင်းမေ
မောင်ကျော်ဇောလင်း-**Pau Zar Niang**

ချစ်မြေးများ -

မြတ်နိုးသီရိ
ရဲမွန်သီဟ
ပန်းအိဖြူ(ခ) **Kim**



မအူပင်မြို့နယ် ရွှေရတုအထိမ်းအမှတ် ရေဝတီမဂ္ဂဇင်းထုတ်ဝေမည်

ရန်ကုန် ဧပြီ ၈

မအူပင်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ရေဝတီမဂ္ဂဇင်းကို ထုတ်ဝေရန် စီစဉ်လျက်ရှိသည်။ မအူပင်မြို့နယ်နှင့် ဆက်နွယ်သော ဆောင်းပါး၊ဝတ္ထု၊ကဗျာ စသည့် စာမူများကို ဇူလိုင် ၃၁ ရက် နောက်ဆုံးထား၍ အသင်းတည်ရာ အမှတ် ၁၅ (က) ပဒေသာလမ်း (၈) ရပ်ကွက် ကမာရွတ်မြို့နယ် ဖုန်း-၅၀၅၉၇၄ နှင့် စာတည်းမှူးချုပ် စာပေ ဗိမာန် ကုန်သည်လမ်း ရန်ကုန်သို့ ရေးသားပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ဒစ်ဂျစ်တယ်ကင်မရာသစ်မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၈

Big Camera Ltd. မှ တာဝန်ယူဖြန့်ချိရောင်းချမည့် နီကွန်ဒစ်ဂျစ်တယ် အက်စ်အယ်လ်အာရ် ကင်မရာနှင့် ပတ်သက်သည့် အချက်အလက်များ၊ အသုံးပြုနည်းစနစ်များ ရှင်းလင်းပြသပွဲကို ဧပြီ ၇ ရက် မွန်းလွဲ ၁နာရီခွဲက ရန်ကုန်မြို့ ဂရင်းပလာဇာပတ်ခ်ရွိုင်ရယ်ဟိုတယ်ခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာမှ ဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းမှ တာဝန်ရှိသူများနှင့် ဓာတ်ပုံဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ Big Camera Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းငွေက နှုတ်ခွန်းဆက်စကား ပြောကြားပြီး **(အောက်ပုံ)** Nikon D70ဒစ်ဂျစ်တယ် ကင်မရာနှင့်ပတ်သက်သည့် နည်းစနစ်များကို ဓာတ်ပုံပညာရှင် ဦးဇော်မြင့် (နာဂိုယာ) က အသေးစိတ်ရှင်းလင်းပြသသည်။ ထို့နောက် ဒစ်ဂျစ်တယ် ကင်မရာ D70 ကို အထူးနှုန်းဖြင့် ရောင်းချမည့် အချက်အလက်များကို ဈေးကွက်မန် နေဂျာ ဒေါ်စိုးစိုးအေးက ရှင်းလင်း ပြောကြားသည်။

လက်တွေ့

အခမ်းအနားအပြီးတွင် ဓာတ်ပုံပညာရှင်များနှင့် ဝါသနာရှင်များက D70ကင်မရာကို လက်တွေ့စမ်းသပ်ရိုက်ကူးကြသည်။ **(က-ပ)**

ထိမ်းမြားလက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် ၁၁၅ နေ ပါမောက္ခဦးလှအောင်(ရှေ့နေချုပ်၊ငြိမ်း)နှင့် ဒေါ်မြမြထွန်း တို့၏တစ်ဦးတည်းသောသား

မောင်စည်သူအောင် B.E (Electronics)
လက်ထောက်အင်ဂျင်နီယာ၊ ရန်ကုန်အနောက်အိတ်ချိန်း
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

နှင့်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ အမှတ် ၉၉ နေ (ဦးညွန့်ရီ)နှင့်ဒေါ်တင်တင်လှတို့၏သမီးငယ်

ဒေါက်တာခင်သီတာရီ M.B.,B.S (YGN)

တို့၏ ၂၄-၃-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) တွင် Traders Hotel ၌ကျင်းပသော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရှေ့နေချုပ် ဦးအေးမောင်နှင့်ဇနီး ဒေါ်ခင်မြမြအားလည်းကောင်း၊ ၂၈-၃-၂၀၀၄ ရက် (တနင်္ဂနွေနေ့) တွင် Sedona Hotel (Grand Ball Room) ၌ ကျင်းပသော ထိမ်းမြားလက်ထပ်မင်္ဂလာ အခမ်းအနားတွင် ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ရှေ့နေချုပ် ဦးအေးမောင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ တရားရုံးချုပ်တရားသူကြီးများ၊ ဒုတိယရှေ့နေချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများအားလည်းကောင်း၊ စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်ပေးပါသော အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ မဟာသဒ္ဓမ္မဇောတိကဓဇ စည်သူတံဆိပ် သီရိပျံချီစည်သူဘွဲ့ သရေစည်သူ ဗိုလ်မှူးကြီးစောမြင့် (ငြိမ်း) နှင့်ဇနီး ဒေါ်တင်တင်မြင့်တို့အားလည်းကောင်း၊ မင်္ဂလာဘိသိက် အကျိုးဆောင် ဦးသိန်းလှမော်၊ မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော အန်တီ ဒေါ်ခင်မြဦး (ရတနာမုခ)မိသားစု၊ မင်္ဂလာပန်းကြဲပေးသော မအေးခိုင်ဝင်း၊ မင်္ဂလာသတို့သားအရန် ကိုသိန်းမြင့်ထွန်း၊ ကိုသက်ညီထွန်း၊ မင်္ဂလာသတို့သမီးအရန် မရတနာဝင်း၊ မထွန်းသီတာအောင်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော နိုင်ငံကျော်တေးသံရှင် ဒေါ်တင်တင်မြ၊ A.1 စိုးမြင့် တူရိယာအဖွဲ့နှင့် မေတ္တာဖြင့် လက်ဖွဲ့သီဆိုပေးခဲ့ကြသော တေးသံရှင်များ၊ မိတ်ကပ်အလှဖန်တီးရှင် ရွှေကြည်၊ မင်္ဂလာဝတ်စုံ မအေးအေးခိုင်၊ ပန်းအလှပြင် မစန်းစန်းဦး၊ ဗီဒီယို စိုင်းဘုန်းထူးနှင့်အဖွဲ့၊ နေရှင်နယ်ဗီဒီယိုဓာတ်ပုံ ရိုက်ကူးရေးအဖွဲ့၊ မှတ်တမ်းဓာတ်ပုံ ဦးအောင်ထွန်းနိုင်(ပြည်မြန်မာ)၊ သား-ကိုအောင်အောင်ဟိန်းတို့အားလည်းကောင်း၊ ၇ မိုင်ခွဲ တေးနုယဉ်လမ်းနေအိမ်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ခဲ့ကြသော ဂုဏ်သရေရှိဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မြရိပ်ညိုရွိုင်ရယ် ဟိုတယ်၌ကျင်းပသော မင်္ဂလာဦးညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင် မလာရောက်နိုင်သော်လည်း မေတ္တာစေတနာဖြင့် မင်္ဂလာလက်ဆောင်မွန်များ ပေးပို့ချီးမြှင့်ခဲ့ကြသူအားလုံးနှင့် Traders Hotel, Sedona Hotel, မြရိပ်ညိုရွိုင်ရယ်ဟိုတယ်များမှ ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ ဤမင်္ဂလာပွဲများ ဖြစ်မြောက်အောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စည်သူအောင်-ဒေါက်တာခင်သီတာရီ။

အတာကူးသည့် နှစ်ဦးသင်္ကြန်

မြန်မာတို့သည် ဓလေ့ထုံးတမ်းများအရ နွေ၊မိုး၊ဆောင်း သုံးဥတုကို ၁၂လ ရာသီ ပိုင်းခြားသတ်မှတ်ပြီး လယ်ယာစိုက်ပျိုးဖြစ်ထွန်းမှုကိုလိုက်၍လည်းကောင်း၊ ရေမြေသဘာဝ အနေအထားကိုလိုက်၍လည်းကောင်း ၁၂ လရာသီအလိုက် ပွဲလမ်းသဘင်များကို ကျင်းပဆင်ယင် ဆင်နွှဲပျော်ရွှင်လေ့ ရှိကြသည်။

၁၂ လရာသီကို ပိုင်းခြားရာ၌ ကောင်းကင်နေလနှင့် နက္ခတာရာများ၊ ပွင့်လန်းဝေဆာသည့်ပန်းများ၊ ကျင်းပသည့်ပွဲလမ်းများ၊ မိုးလေဝသဆိုင်ရာ အချက်အလက်များ စသည်တို့ဖြင့် ဒွန်တွဲသတ်မှတ် ပညတ်ခေါ်ဝေါ်လေ့ရှိသည်။

ပန်းကံ့ကော်ရွှေစကား၊ ငွေသားနုစံပယ်မှန်၊
မုလေးခတ္တာနှင့်၊ ရွှေယင်းမာကြာခဝဲ ဖွဲ့စနှင်းလျှံ၊
သဇင်ကျုံ ခွာတံပေါက်လဲ၊
ပွင့်ဝတ်ကယ် ရွှေဖီမင်း သင်းထုံနံ့ကဲ။

ဟု ကင်းဝန်မင်းကြီးဦးကောင်းက တန်ခူးလမှစ၍ အစဉ်အဆက်ပွင့်ဖူးသည့် ၁၂လရာသီပန်းများကို လေးဆစ်သဖြန်ဖြင့် ဖွဲ့ဆိုခဲ့သည်။

သင်္ကြန်တာကူး၊ နှစ်ဦးညောင်ရေ
စာပေလွှေခင်း၊ ပဍ္ဍင်းတော်ခံ
စာရေးတံနှင့်၊ မြစ်ယံပွဲကြီး
ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း
မြင်းခင်းထွက်ဝင်၊ သဘင်မီးပုံး
ဂူလုံးသဲပုံ၊ စေ့စုံဆင်ယင်
ဤသို့ဆင်သား ပြုစဉ်အမြဲ ဆယ့်နှစ်ပွဲ။

ဟုလည်း ၁၂လရာသီပွဲလမ်းသဘင်များကို မှတ်တမ်းပြုခဲ့ကြသည်။

မြန်မာ့ရိုးရာအစဉ်အလာအရ နှစ်တစ်နှစ်တွင် ၁၂လရာသီရှိရာ ယင်း ၁၂လ၏ အစအဦးဖြစ်သည့် လတန်ခူးကား ထုံးတမ်းဓလေ့များအရ သင်္ကြန်ကျရာ ဦးခေါင်း တစ်နှစ်ပြောင်းလျက် နှစ်ဟောင်းကွယ်ပျောက် နှစ်သစ်ရောက်သည့် ချိန်ခါသမယ ရာသီကာလဖြစ်သဖြင့် ဝိသေသထူးခြားသည်ဟု ဆိုနိုင်သည်။

တန်ခူးမိဿ စိတြလနှင့် ယှဉ်ပြိုင်ထွန်း
ရင်ခတ်ကံ့ကော် ထုံသင်းပျော်
ပွဲတော် အတာညွှန်း။

တန်ခူးလသည် ရာသီဥတုအားဖြင့် ဂိမှာန်၊ ရာသီအားဖြင့် မိဿရာသီ၊ လစန်းယှဉ်နှင့်ယှဉ်သော နက္ခတ်ကား စိတြနက္ခတ်၊ တာရာကား တံငါတာရာ၊ ရာသီရုပ်ပုံသဏ္ဌာန်ကား ဆိတ်ရုပ်ပုံ၊ ရာသီပန်းကား ကံ့ကော်နှင့် ရင်ခတ်၊ ပွဲတော်ကား သင်္ကြန်ချိန်ခါ အတာရေသဘင်ပွဲတော်ဖြစ်၏။

တန်ခူးလကို အချို့က ထန်းသီးဆွတ်ခူးသော **'ထန်းခူးလ'**ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ သင်္ကြန်ဟူသည် ပါဠိအရ**'သင်္ကန္တ'**ဖြစ်၍ သက္ကတအရ**'သင်္ကြန္တ'** ဖြစ်ပြီး အဓိပ္ပာယ်မှာပြောင်းရွှေ့ခြင်းဟု အနက်အဓိပ္ပာယ်ရသည်။ ယင်းမှနေ၍ သင်္ကြန်ဟု ခေါ်ဝေါ်လာကြခြင်းဖြစ်သည်။ တာကူးလဆိုသည်မှာလည်း တန်ခူးလ သင်္ကြန်ကာလကိုပင် ခေါ်ဆိုခြင်းဖြစ်သည်။ စင်စစ် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းပင် ဖြစ်သည်။

ရှေးပညာရှင်တို့က သင်္ကြန်ကိုအမျိုးအစားအားဖြင့် **"ဇေယျ၊ ဝိသာခါ၊ ဇေဋ္ဌ၊ အာသဠှီ၊ သရဝဏ်၊ ဘဒြ၊ အသာယုတ္တ၊ ကြတ္တိကာ၊ မိဂသီ၊ ဖုဿျ၊ မာဃ၊ ဖဂ္ဂုဏ"**ဟူ၍ ၁၂မျိုး ပိုင်းခြားသတ်မှတ်လေ့ရှိသည်။

သင်္ကြန်ကာလအတွင်း ငိုကြွေး ပူဆွေးခြင်း၊ မေထုန်သံဝါသပြုခြင်း၊ အသားဟင်းလျာ စားသောက်ခြင်း၊ သေရည်သောက်စား မူးယစ်ခြင်း၊ အမျက်ဒေါသထွက်၍ ခိုက်ရန်ဖြစ်ပွားခြင်း၊ သွေးဖောက် သွေးထုတ် သွေးစီးသွေးယိုဖြစ်ခြင်း၊ ဆီလိမ်း ဆေးလိမ်းခြင်း၊ ထင်းခုတ်သစ်ဖြတ်ပြုလုပ်ခြင်း၊ ဝယ်ယူကျီသွင်း သိုလှောင်ခြင်းနှင့် စျေးဆိုင်ဖွင့်ရောင်းချခြင်း စသည်တို့အား မဆောင်ရွက်သင့်ကြောင်းကို **သင်္ကြန်တွင်းမှာ ရှောင်ကြဉ်ရာ ဆယ်ဖြာတရားစ** ဖြင့် ရှေးပညာရှင်တို့က ဆုံးမလမ်းညွှန် သွန်သင်ခဲ့ကြသည်။

နှစ်ဟောင်းကုန်ကူး လတန်ခူး၏ သာယာကြည်နူးဖွယ်မြင်ကွင်းကို–

"ထပ်ထပ်သာ စောတော့တယ်၊ မြကြောင်ယ်ရာသီ၊ ကိုက်ဖူးငယ်စီသည်၊ ပွင့်သီ်ဂီ ရွှေရင်ခတ်ကယ်တို့၊ ရစ်ရပ်ကယ်နယ်တစ်ခုက စုလှတယ်လေး။ နွေခါမှီငယ်၊ ရာသီမိဿ၊ ဂိမှာနမို့၊ စိတြကြယ်၊ တိမ်မိုးလယ်မှာ၊ စံပယ်ကွန့်ကာ၊ တိမ်ဇွေချာဝယ်၊ ဒေသစာလှမ်း၊ လှည့်လည်ငယ်မြန်းလို့၊ နှစ်ဆန်းငယ်သင်္ကြန်၊ သစ်သစ်သာဖန်တော့တယ်၊ နိုင်ငံကြော့ပြည်သူမှာ၊ ပန်ဆုယူတာရေသွန်းချိန်မို့ လွမ်းလှတယ်လေး။

ဟု မဟာအတုလမင်းကြီးက လွမ်းချင်းဖြင့် စာပန်းချီခြယ်မှုန်းခဲ့သည်။ မြန်မာတို့သည် တစ်နှစ်လျှင်တစ်ကြိမ် နှစ်ဟောင်းကုန်ဆုံးလွင့်ပျောက်၍ နှစ်သစ်သို့ကူးပြောင်းရောက်ရှိသည့် ဤလတွင် ရိုးရာဓလေ့ထုံးစံအရ တစ်ဦးနှင့်တစ်ဦး ကြင်နာဆပွား မေတ္တာထား၍ သန့်စင်ထုံမွှေးသော ရေစင်ဖြင့်သွန်းလောင်းပက်ဖျန်းလေ့ ရှိကြသည်။

ဟောင်းရွက်ညှာခါလှစ်လို့ တာသစ်ကယ်တဲ့နံ့ကြိုင် သုတ်ဖြူးလေဆော်က ပန်းကံ့ကော်ဝတ်မှုန်ကျင်း၊ သင်းပျံ့လို့လှိုင် သည့် တန်ခူးလတွင် ရာသီပန်းဖြစ်သည့် ကံ့ကော်ပန်း၊ ရင်ခတ်ပန်းတို့သာ ပွင့်သည်မဟုတ်၊ လမ်းတစ်လျှောက် သင်းသည့် ပန်းပိတောက်မင်းများကလည်း ထိန်ထိန်ဝင်းဝါ ဖြာဖြာဝေအောင် ပွင့်ကြသည်။

စိုင်းသာလှိုင် လိပ်မျှော်မြေ

"အထောက်ကတဲ့ မတန် ရွှေကံ့ကော်ဇမ္ဗူကျူးလို့ ကြူဆုံးတသိန်တင့်ပါဘိ၊ ပန်းမင့်ထွတ်စံ၊မိဿာဘုံဂဠုန်ကူးတွင်မှ ကြုံဘူးလေ့ဖြစ်ဟန်၊ ရစ်တန်ပိုင့် ဆင်တော်နည်း၊ ချိန်ခါနွေကုန္တာဆွေဘူပတိသော်မှ၊ ပူမိလျှင်ဘယ်ဖြေနိုင်လိမ့် ခြယ်ရွှေဆိုင်နေရှလေးနှင့် ရာဇူမှာသာပြုသေးချည်ငဲ့ ဆွေးတော်ညှံ့ပဲ"

ဟု စာဆိုတော် ဦးကြင်ဥက တန်ခူးလ၏အပူသရုပ်ကို လေးချိုးသဖြန်ဖြင့် ဖွင့်ထုတ် ဖွဲ့သီခဲ့သည်။

စင်စစ် **'တန်ခူးရေကုန် ကဆုန်ရေခန်း'** ဟူသော စကားကဲ့သို့ တန်ခူးလကား အလွန်ပူပြင်းသော လတစ်လဖြစ်သည်။ ပူလောင်အိုက်စပ်နေသော အချိန်တွင် လူတိုင်းက အအေးဓာတ်ကိုလိုလားတောင့်တနေကြစမြဲပင် ဖြစ်သည်။ သို့ဖြစ်ရာ ပူပြင်းသော တန်ခူးလတွင် အေးမြသော မေတ္တာရေဖြင့် ကြည်နူးရွှင်လန်းဖျန်းပက်ကြခြင်းမှာ လိုက်ဖက်ကောင်းမွန်လှသည်ဟု ဆိုနိုင်သည်။ သင်္ကြာဇ်ကြောင်း အသစ်ပြောင်းသည့်လတွင် သွန်းလောင်းသည့် အတာရေစင်ကြောင့် ခိုက်ရန်ဒေါသ ဖြစ်ပွားလေ့မရှိဘဲ ခံမင်နှစ်လိုစွာ ရေပက်ခံကြသည်။

သင်္ကြန်အတာရေသည် **'ရေကြည်ရေအေး ဆေးတစ်ပါး'**နှယ် ဖြစ်သည်ဟုလည်း ဆိုကြသည်။ တစ်နေကုန် ရေစိုထိနေသော်လည်း အအေးမိခြင်း၊ ဖျားနာခြင်းမရှိ။ မှန်းတီးစရာ၊ ရန်ဖြစ်စရာ၊ နာကြည်းစရာများကို သင်္ကြန်ရေ ဆေးကြောပေးပါက ပြေလွယ် ပျောက်လွယ်သည်။ ထို့ကြောင့် **'ရန်ပြေမာန်ပြေ မေတ္တာရေ'**ဟုပင် ယူဆနိုင်သည်။ နှစ်ဟောင်းမှ လူဟောင်းကိုယ်ခန္ဓာပေါ်ရှိ အညစ်အကြေးမှန်သမျှကို စင်ကြယ်သန့်စင်ပြီးဖြစ်ရာလည်း ရောက်သည်။

ရေကြည်ရေအေး ရေသန့်ရေစင်တို့ကို အမွှေးနံ့သာများဖြင့် ထုံမွမ်း၍ ဖလားအပြည့် သွန်းလောင်း ပက်ဖျန်းလေ့ရှိသကဲ့သို့ သပြေခက်ကလေးများဖြင့် တို့ရုံထိရုံ စတိရေပက်ကြသည်လည်း ရှိသည်။ နှစ်သစ်ကူး အခါသမယတွင် ရှေးထုံးမပျက် ဘုရားကျောင်းကန်များသို့ သွားရောက်ခိုမှီ၍ လှူဒါန်းပေးကမ်းခြင်း၊ ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၊ ဘာဝနာပွားများခြင်း စသည်တို့ကို ဆောင်ရွက်ကြသည့်နည်းတူ ဂါရဝတရား အလေးထား၍ ဘိုးဘွား မိဘ ဆရာသမား၊ သက်ကြီးရွယ်အိုတို့အား ပစ္စည်းဝတ္ထုအစုစုဖြင့် ဦးညွှတ်မာန်လျှော့ ကန်တော့ပူဇော်ခြင်း၊ ခေါင်းလျှော်ရေချိုး သန့်စင်ပေးခြင်း၊ ခြေသည်းလက်သည်းလှီးဖြတ်ပေးခြင်း စသည်တို့ကိုလည်း ဆောင်ရွက်လုပ်ကိုင်လေ့ရှိသည်။ ထို့ပြင် ငါး၊ နွားစသည့် တိရစ္ဆာန်များအား ဝယ်ယူ၍ စုပေါင်းဘေးမဲ့လွှတ်ပေးပွဲကိုလည်း ဆင်နွှဲတတ်ကြသေးသည်။

ရေပက်ခံမဏ္ဍပ်များ၊ ပြိုင်ပွဲဝင် အလှကားများ၊ ပိုက်ကြီးပိုက်ငယ် အသွယ်သွယ်ဖြင့် ရေပက်နေကြသည့်လူငယ်များ စသည်တို့မှာ မြို့ပြသင်္ကြန်မြင်ကွင်းများ ဖြစ်သကဲ့သို့ မုန့်လုံးရေပေါ်ကျွေးသည့် စတုဒိသာမဏ္ဍပ်များ၊ ရေဖလားခွက်ငယ်ဖြင့် ယဉ်ယဉ်ကျေးကျေး ရေပက်နေကြသူများ၊ အိုးစည်ဒိုးပတ်ဝိုင်းများဖြင့် တပျော်တပါး ငါးလွှတ်သွားသူများ စသည်တို့မှာ ကျေးလက်ဒေသ၏ သင်္ကြန်မြင်ကွင်းများ ဖြစ်ပေသည်။

သင်္ကြန်၏ ဓလေ့စရိုက်များအရ ပျော်ရွှင်ကြည်နူးမှု၊ ချမ်းမြေ့သာယာမှုများနှင့်အတူ သက္ကစ္စ ဂါရဝတရားကို ရှေ့တန်းတင်ခြင်း၊ ယဉ်ကျေးပျူငှာသော အမူအကျင့်၊ စုစည်းညီညွတ်သော စွမ်းအား၊ စုပေါင်းဆောင်ရွက်လိုသော စိတ်ဓာတ်ကို ပွားများရှင်သန်စေခြင်းတို့ကို ဖြစ်ပေါ်စေသည်။

စင်စစ် အတာကူးသည့်လတန်ခူးတွင် ရေစင်နှင့်သွန်းလောင်းပက်ဖျန်းကစားရခြင်းသည် မည့်သည့်ပျော်ရွှင်မှုမျိုးနှင့်မှမတူ တစ်မူထူးခြားသည်ကား အမှန်ပင်ဖြစ်သည်။ စိတ်ရောကိုယ်ပါ လန်းဆန်းနုပျိုစေ၍ အားသစ်ဝေစေသည် ဖြစ်ရသည်။ ကြည်နူးရွှင်မြူးစေ၍ နှစ်လိုပီတိ ဖြစ်ရသည်။

ရေပက်ကစားကြရာတွင်လည်း လူကြီးလူငယ်အရွယ်မခြား ယောကျ်ားမိန်းမမရွေး ကလေးပါမကျန် မြန်မာနိုင်ငံအနှံ့အပြား ကစားကြခြင်းဖြစ်သည်။ ပြည်ထောင်စုသား သွေးချင်းသားချင်းများအားလုံးက ရွှင်ပျစွာပါဝင်ဆင်နွှဲကြသည်။ တစ်အူထုံ့ဆင်းညီရင်းအစ်ကို မောင်ရင်းနှမသဖွယ် ယဉ်ကျေးပျူငှာစွာ ပက်ဖျန်းကစားကြသည်။ ပစ္စည်းဥစ္စာ ချမ်းသာဆင်းရဲ ခွဲခြားကန့်သတ်မှုမရှိ။ ကောင်းမြတ်သန့်စင်သော အရိုးခံစိတ်ဓာတ်ဖြင့် စဉ်လာမပျက် ရေပက်နွှဲပျော်ကြခြင်းသာ ဖြစ်သည်။

တန်ခူးလသည် နှစ်ဟောင်းလွန်ကျူး နှစ်သစ်ကူးသည့်လဖြစ်ရာ အကြွင်းအကျန် နှစ်ဟောင်းမှ ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ကိုယ်နှုတ်နှလုံးသုံးပါးစလုံး၏ ပြောဆိုကြံစည်မှု အကောင်းအဆိုး အမျိုးမျိုးအထွေထွေကို ဆန်းစစ် ဝေဖန်စစ်ကြောရန်လိုသည်။ အပြုအမူ၊ အကျင့်စရိုက်၊ သွင်ပြင်မှုရာစသည့် လူ့ဓလေ့အတန်တန်ကို အသိဉာဏ်ချိန်ခွင်တွင် တင်စက်၍ တွက်ချက်စာနာ နားလည်ရာသည်။ ဆင်ခြင်သုံးသပ် ပိုင်းခြားတန်ရာသည်။

မကောင်းသောအကျင့်စရိုက်ဟူသမျှကို နှစ်ဟောင်းတွင် ကျန်ရှိခဲ့သော ကြေးညှော်များနှင့်အတူ ခဝါချသန့်စင်ထားရစ်ပြီး ကောင်းမွန်သော စရိုက်များကို နှစ်သစ်နှင့်အတူ မြတ်နိုးကြည်ဖြူစွာ သယ်ယူရန်လိုသည်။ တန်ခူးလသည် ကျေးလက်နေတောင်သူဦးကြီးများ လုပ်ငန်းခွင်ဝင်ရောက်ရေးအတွက် ကြိုတင်ပြင်ဆင်ကြရန် တပ်လှန့်နှိုးဆော်ပေးသည့်လဟုလည်း ဆိုနိုင်ပါသည်။ တပေါင်း၊ တန်ခူး မိုးသားကျူးဟု ဆိုသည့်စကားအတိုင်း ထိုအချိန်များတွင် သင်္ကြန်အကြိုမိုး၊ သင်္ကြန်လက်ဆေးမိုးစသည်တို့ရွာသွန်းတတ်သည်။ သို့ဖြစ်ရာ မိုးရာသီ လယ်လုပ်ငန်းအတွက် တောင်သူလယ်သမားကြီးများ နှစ်စဉ်ပြုမြဲဖြစ်သည့် ထယ်၊ ထွန်စသည့်လယ်လုပ်ကိရိယာများ စတင်ပြင်ဆင်ကြရသည်။ လယ်မြေပြင်၊ လယ်တဲဆောက်၊ မျိုးစီစဉ်၊ ရိက္ခာစုဆောင်း စသည့်လုပ်ငန်းအရပ်ရပ်ကို စတင်လုပ်ကိုင်ကြရသည်။

တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုးဟူသည့် ဆိုရိုးနှင့်အညီ တန်ခူးလတွင် မိုးရေသည် ဖက်ဆွတ်ရုံသာရွာသွန်းလေ့ရှိသည်။ ယင်းမိုးရေကြောင့် ဖက်များ၊ သစ်ရွက်များကို တိုက်ချွတ်ရုံ၊ ဆေးကြောရုံသာဖြစ်သဖြင့် ရေအရောင်မှာ နီကြန့်ကြန့်ဖြစ်ပြီး မချိုးသင့်၊ မသောက်သုံးသင့်ကြောင်းကို စဉ်ဆက်စကား အမှာထားခဲ့ကြသည်။

နှစ်တစ်နှစ်၏ အမွန်အဆွမှာ တန်ခူးလ၊ တန်ခူးလ၏ သရုပ်သဏ္ဌာန်မှာ အတာသင်္ကြန်၊ အတာသင်္ကြန်၏ ထူးခြားမှု ဝိသေသကား ရေကစားခြင်း၊ ရေကစားခြင်း၏အနှစ်သာရမှာ ယဉ်ကျေးချစ်ခင် လန်းရွှင်ချမ်းမြေ့မှုပင် ဖြစ်သည်။

သို့ဖြစ်ရာ နှစ်ဟောင်းအခါဟောင်းမှ စိတ်ဟောင်းစရိုက်ဟောင်းအဖြာဖြာကို စွန့်ခွာသန့်စင် ဆေးကြောကြည်လင်စေပြီး ၁၃၆၆ ခုနှစ် နှစ်သစ်အခါသမယတွင် စိတ်သစ် စရိုက်သစ် အသွယ်သွယ်ဖြင့် ထုံမွမ်းခြယ်သ၍ အေးမြကြည်လင်စွာ လောကကို အလှဆင်ကြရမည် ဖြစ်ပါသတည်း။ ။

ကာပြမျှော်မြေ

၁၃၆၄ခုနှစ် မဟာသင်္ကြန်တွင် ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်၌ လှပျိုဖြူလေးများ အကပဒေသာဖြင့် ဤသို့တင်ဆက်ဖျော်ဖြေခဲ့ကြသည်။

ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

သုသမာစာရပိဋကတ္တယကောဝိဒဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ရဆရာတော်အားပူဇော်ပွဲကျင်းပ

မော်လမြိုင် မတ် ၂၅

မော်လမြိုင်မြို့ သုသမာစာရအဖွဲ့က ကြီးမှူးကျင်းပသည့် ပရိယတ္တိစာမေးပွဲအဆင့်ဆင့်တွင် အမြင့်ဆုံးဖြစ်သည့် သုသမာစာရပိဋကတ္တယ ကောဝိဒ ဓမ္မာစရိယဘွဲ့တံဆိပ်တော် ရရှိခဲ့သည့် နှစ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ်အဖြစ် ပရိယတ္တိ သုသမာစာရအဖွဲ့ကြီး၏ ဂုဏဝိသိဋ္ဌ ဘွဲ့လက်မှတ်လှူဒါန်းပွဲနှင့် (၅၇)ကြိမ်မြောက် ပရိယတ္တိစာမေးပွဲတွင် စာအောင်သံဃာတော်များအား အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို မတ်၂၁ရက်က မော်လမြိုင်မြို့ သုသမာစာရအဖွဲ့ အမှုထမ်းပေါင်းစုံ မော်ကွန်းဓမ္မာရုံကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ရှေးဦးစွာ အသင်း၏နာယက ဆရာတော် မော်လမြိုင်မြို့ တော့လှာကျောင်း ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဩဘာသဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) အမှူးပြုသောဆရာတော်များထံက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် (၅၇)ကြိမ်မြောက် ပရိယတ္တိစာမေးပွဲတွင် အောင်မြင်တော်မူခဲ့သည့် သံဃာတော်၊ သီလရှင် ၅၂ပါးတို့အား သုသမာစာရအဖွဲ့ ဆုနှင်းသဘင်ကျင်းပရေးကော်မတီများ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆုလက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)** (၁၆၈)

ဆက်ကပ်

ဆက်လက်၍ ဆုနှင်းသဘင်အခမ်းအနားကိုကျင်းပရာ အသင်းက ကြီးမှူးကျင်းပခဲ့သော စာမေးပွဲအဆင့်ဆင့်တွင် အမြင့်ဆုံးဖြစ်သည့် သုသမာစာရပိဋကတ္တယကောဝိဒ ဓမ္မာစရိယဘွဲ့တံဆိပ်တော်ရရှိခဲ့သည့် နှစ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ်အဖြစ် ဂုဏဝိသိဋ္ဌဘွဲ့လက်မှတ် ချီးမြှင့်တော်မူခံရသော မော်လမြိုင်မြို့ အရှေ့မျှော်လင့်ကျောင်းတိုက်၏ ဦးစီးပဓာန ဆရာတော် သက်တော်(၇၅)နှစ်၊ ဝါတော်(၅၆)ဝါရှိ ဘဒ္ဒန္တတေဇနိယဘိဝံသအား အသင်းဥက္ကဋ္ဌဦးတီနှင့် အတွင်းရေးမှူး ဦးမောင်မောင်ကြီးတို့က ဆက်ကပ်လှူဒါန်းကြသည်။

နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲကျင်းပ

မှော်ဘီ ဧပြီ ၃

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဓာတ်ပုံ၊ နံရံကပ် စာစောင်ပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကိုမှော်ဘီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မတ် ၃၀ရက်က အမှတ် ၄ရပ်ကွက် ဓမ္မာရုံတွင် ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းလှ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်အေးနှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဦးကြည်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးသည်။

အခမ်းအနားသို့ မြို့နယ် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ဖိတ်ကြား ထားသူများ၊ စာပေဝါသနာရှင်များ တက်ရောက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ညောင်ဦး ကမ္မကျေးရွာ၌ သောက်သုံးရေကန်ဖွင့်

ညောင်ဦး ဧပြီ ၁

ညောင်ဦးမြို့နယ် ကမ္မကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်ဖြင့်သောက်သုံးရေကန်ကြီးကို မိုးမကျမိနိုင်ငံတော်က ငွေကျပ် ၁၈သိန်း၊ ကျေးရွာလူထုက ငွေကျပ်တစ်သိန်းတို့ဖြင့် ပြုပြင်ပြီးစီး၍ မတ် ၂၄ ရက် နံနက်က ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါဖွင့်ပွဲသို့ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။ (၃၀၀)

ထွေ/အုပ်ဦးစီးဌာနလုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဆင်းပွဲကျင်းပ

ဂန့်ဂေါ မတ် ၃

ဂန့်ဂေါခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန စာရေးဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းအမှတ်စဉ် (၁/၂၀၀၄)ဆင်းပွဲကို ဖေဖော်ဝါရီ ၂၀ရက် နံနက်က ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်ရာဂန့်ဂေါခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးလှဆွေ **(ဝဲအောက်ပုံ)**နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်စိုးတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှဆွေ၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးအောင်လှ၊ ခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်စိုး၊ ခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းကြီးတို့က ချီးမြှင့်ပေးအပ်ကြသည်။

သင်တန်းသို့သင်တန်းသား၅၆ဦး တက်ရောက်ကြ၍ သင်တန်းကာလ တစ်လဖြစ်ကြောင်းသိရသည်။ (၂၇၃)

မတ် ၂၇ရက်က သထုံမြို့ ဘင်လှိုင်ရပ်ကွက်ရှိ ဗေသလမူကြို ကျောင်း၏ ၂၀၀၃-၂၀၀၄ခုနှစ် မူလတန်းကြို အဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေး အပ်ပွဲ အခမ်းအနားကို ကျောင်းခန်းမ ဆောင်၌ ကျင်းပရာ သင်းအုပ် ဆရာ ဦးကိုကိုက ကျောင်းသား တစ်ဦးအားသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ

၁၀-၄-၂၀၀၄

(စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ ဓမ္မသုတ်နှင့်

ဂုဏ်တော်ကွန်ချာတရားတော်

နေ့လယ်ပိုင်း

၀၉း၃၀ ခေတ်ပေါ်တေး

၀၉း၄၅ အာဆီယံအစီအစဉ်

၁၀း၀၅ အာယုနဲ့သာဓုဆွေးနွေးခန်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (နိုင်ငံတော်အကြီးအကဲ၏ စိုက်ပျိုးရေးဆိုင်ရာလမ်းညွှန်မှု)

၁၁း၃၅ မေတို့ရေးရာသိမှတ်စရာ (ပါရမီဖြည့်ဖက်) (မောင်မောင်-ဥပဒေ)

၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း

၁၂း၁၀ ကလေးများအတွက် အင်္ဂလိပ်စာ

ညနေပိုင်း

၁၇း၀၀ ဆို၊က၊ရေး၊တီးဆုရအစီအစဉ် (ရန်ကုန်တိုင်းမှ မဖြူစင်သူ(ခ) မစပယ်ဖြူသိန်းနှင့် မနန်းခင်မွေးတို့၏ ဓမ္မပူဇာတေး)

၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း

၁၇း၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ကျန်းမာအသက်ရှည်နေနိုင်ရေး) (ဦးဉာဏ်ထွန်း-ညွှန်မှူး-အား/ကာ)

၁၈း၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)

၁၉း၁၅ ထွင့်ခေါင်တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် သကြိန်ငှက်သံတေးစီးရီး

၂၀း၃၀ English Working Knowledge သင်ခန်းစာ တေးသံစုံ(မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့)

မင်းဘူးမြို့ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးအဖွဲ့ စေတုတ္တရာမြို့တွင် ကွင်းဆင်း မျက်စိခွဲစိတ်ကုသပေး

မင်းဘူး မတ် ၂၇

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မင်းဘူးမြို့ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ အောင်ဆန်းဝင်းနှင့် အဖွဲ့သည် မတ် ၂၂ရက်မှ ၂၄ ရက်အထိ မင်းဘူးခရိုင် စေတုတ္တရာမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမ၌ မျက်စိဝေဒနာရှင် ၃၄၈ ဦးတို့အား မျက်စိစစ်ဆေး စမ်းသပ်ကုသပေးသည်။ (အောက်ပုံ)

ခွဲစိတ်ကုသ

ခွဲစိတ်ကုသရန် လိုအပ်သော အတွင်းတိမ်လူနာ ၃၀နှင့် ရေတိမ်လူနာ တစ်ဦးတို့အား စေတုတ္တရာမြို့ ပြည်သူ့ဆေးရုံ၌ အခမဲ့ ခွဲစိတ်ကုသပေးသည်။

ဒုတိယအကြိမ်

မင်းဘူးမြို့မှ မျက်စိအထူးကုဆရာဝန်နှင့်အဖွဲ့သည် စေတုတ္တရာမြို့သို့ ၁၉၉၉ခုနှစ်ဒီဇင်ဘာလတွင်ပထမအကြိမ်ကွင်းဆင်းမျက်စိခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ရာ ယခုသွားရောက်ခြင်းသည် ဒုတိယအကြိမ်ဖြစ်သည်။ ဝေးလံသောဒေသသို့ ကွင်းဆင်းကုသပေးသည့်အတွက် ဒေသခံပြည်သူများက ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **(က-ပ)**

လောင်းလုံး-အနောက်ပြင်-စမ်းလှမ်း ကျေးလက်ကျောက်ချောလမ်းဖွင့်

လောင်းလုံး မတ် ၂၄

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် လောင်းလုံးမြို့နယ်စည်ပင်သာယာရေး အဖွဲ့က ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော လောင်းလုံး-အနောက်ပြင်-စမ်းလှမ်းကျေးလက် ကျောက်ချောလမ်းဖွင့်ပွဲကို မတ် ၁၉ ရက်ကမင်္ဂလာမုခ်ဦးတွင် ကျင်းပရာ တနင်္သာရီတိုင်း စည်ပင်သာယာရေး အဖွဲ့ လက်ထောက် ညွှန်ကြားရေးမှူး ဦးခေတ်လှိုင်၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမှုဆောင်အရာရှိ ဦးတင်အုံးက ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်မှုအခြေအနေအား တင်ပြပြီးနောက် ဖွင့်ပွဲ အထိမ်းအမှတ်အလံများပေးအပ်ရာ တနင်္သာရီတိုင်း စည်ပင်သာယာရေး အဖွဲ့ လက်ထောက် ညွှန်ကြားရေးမှူး ဦးခေတ်လှိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းတို့က လက်ခံရယူကြသည်။

ထို့နောက်လောင်းလုံး-အနောက်ပြင်-စမ်းလှမ်း ကျေးလက်ကျောက်ချောလမ်းအား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အမှုဆောင်အရာရှိ ဦးတင်အုံးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

တပ်မတော်နေ့ဂုဏ်ပြု ကျေးလက်ကျောက်ချောလမ်းဖွင့်

အုတ်တွင်း မတ် ၃၀

အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် အကောင်ထည်ဖော်ဆောင်ရွက်ခဲ့သော ကံလျှက်တောကျေးရွာ ကျောက်ချောလမ်းသစ်အား (၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မတ် ၂၅ ရက် နံနက် ၈နာရီက ဖွင့်လှစ်ရာ လမ်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဘုရားကလေးကျေးရွာအုပ်စုမှ ပြည်သူများ တက်ရောက်ကြသည်။

အထိမ်းအမှတ်

လမ်းဖွင့်ပွဲတွင် တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်း တင်ပြခဲ့ပြီး ကံလျှက်တောကျေးရွာ ရပ်မိရပ်ဖ ဦးဆော့ကကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အထိမ်းအမှတ်အလံများ ပေးအပ်ခဲ့သည်။

ယင်းနောက် ကျောက်ချောလမ်းသစ်အား မြို့နယ်ဥက္ကဋ္ဌ ဦးငွေစန်းနှင့် အမှုဆောင်အရာရှိ ဦးသန်းလင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ)(က-ပ)

မီးငြှိမ်းသတ်ရေး လက်တွေ့သရုပ်ပြ

စလင်း မတ် ၂၆

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စလင်းမြို့မဈေးကြီးအတွင်း မတ် ၂၁ ရက် နံနက် ၉ နာရီက စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးအောင်ကျော်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြှိမ်းသတ်ရေး လက်တွေ့သရုပ်ပြဆောင်ရွက်ကြကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

မတ် ၂၄ ရက်က ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရတင်လှ ဟိုမိန်းရဲစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(က-ပ)

(၅၉)နှစ်မြောက်တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် မိုးညှင်းမြို့နယ် မရမ်းကုန်း-ညောင်ကုန်းကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၁၉ ရက်ကကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးဝင်းနိုင်နှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

မင်းရွာ-ကျောင်းစုတံတားတည်ဆောက်ရေးလုပ်ငန်း စည်ပင်ဒုတိယညွှန်ချုပ် ကွင်းဆင်းစစ်ဆေး

သနပ်ပင် မတ် ၂၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့က တာဝန်ယူတည်ဆောက်လျက်ရှိသော သနပ်ပင်မြို့နယ်အတွင်းရှိ မင်းရွာ-ကျောင်းစုတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ)ဦးကျော်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၂၀ ရက်တွင် ရောက်ရှိလာရာ ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းတို့က တံတားတည်ဆောက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ)က တံတားတည်ဆောက်ရာတွင် စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်ရန် လုပ်ငန်းအချိန်မီပြီးစီးရန်မှာကြားပြီး တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးခဲ့သည်။ **(မြို့နယ်စည်ပင်)**

YANKIN CENTRE SHOPPING MALL

မြန်မာနှစ်သစ်ကူး မဟာသင်္ကြန်အကြိုအထူးဈေးရောင်းပွဲတော်

၁၀ - ၀၄ - ၂၀၀၄ နှင့် ၁၁ - ၀၄ - ၂၀၀၄

Discount, Gift နဲ့ အထူးအစီအစဉ် အများကြီးရှိပါတယ်

လာဖြစ်အောင်လာခဲ့ကြပါ

(၃-၄-၂၀၀၄) ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဒေါ်ငွေငွေအောင် အပေါ် ရှေ့နေဦးလှမြင့် (ဒဂုံ)၏ ကြော်ငြာချက်အား

ကန့်ကွက်ကြောင်းပြန်ကြားခြင်း

၁။ စိန်၊ ရွှေ၊ ငွေများယူဆောင်၍ ၁၈-၁၀-၂၀၀၂ရက်က သားသမီးနှစ်ဦးနှင့် ခင်ပွန်းတို့ကို ထားခဲ့ကာ နေအိမ်မှဆင်းသွားကြောင်း စွပ်စွဲချက်ကို ၃-၄-၂၀၀၄ ရက်ကျမှ ဒေါ်ငွေငွေအောင်အပေါ် ခင်ပွန်းဖြစ်သူ ဦးဆလိုင်းအောင်အောင်က ကြော်ငြာခြင်းသည် သဘောရိုးဖြင့် ကြော်ငြာခြင်း မဟုတ်ရပါ။

၂။ မိခင် ဒေါ်ခင်ရီ၏ ကျန်းမာရေးကို ပြုစုရန် မိဘများရှိရာ ဒဂုံမြို့သစ် (မြောက်ပိုင်း)သို့ သွားရောက်ခြင်းအပေါ် ဟန့်တားသည့်အတွက် လင်မယား စကားများရာမှ ရိုက်ပုတ်နှိပ်စက် ခံရခြင်းအပေါ် နှုတ်ခမ်းသွေးထွက် ဒဏ်ရာ ရခြင်းများကြောင့် ထိုစဉ်ကပင် မြေနီကုန်း (မြောက်)ရပ်ကွက်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ဒေါ်ငွေငွေအောင်မှ စာဖြင့်တိုင်ကြားထားပြီး ဖြစ်ပါသည်။

၃။ ဒေါ်ငွေငွေအောင်၏ အုပ်ထိန်းမှုအောက်တွင် ယခုအခါ အသက် ၁၉နှစ် အရွယ် တက္ကသိုလ်ကျောင်းသူ သမီးပျိုနှင့် ၁၅နှစ်အရွယ် အထက်တန်းကျောင်းသား သားငယ်တို့ နှစ်ဦးစလုံး ရင်အုပ်မကွာ ရှိနေခြင်းမှာ ၎င်းတို့အား စွန့်ပစ်ခြင်း မဟုတ်ရပါ။

၄။ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မိဘများထံ နှလုံးရောဂါသည်၊ လေးဘက်နာ ရောဂါသည် မိခင်ဒေါ်ခင်ရီကို သွားရောက် ပြုစုခြင်းမှာ ဒေါ်ငွေငွေအောင် နေအိမ်မှ ဆင်းသွားခြင်း မဟုတ်ရပါ။

၅။ အမှတ် (၆၅၅/ဘီ)၊စပါယ်ရုံလမ်းသွယ်(၂)၊ မဥ္ဇူလမ်း၊ ပါရမီရပ်ကွက်၊ ရန်ကင်းမြို့နယ်တွင် ဒေါ်ငွေငွေအောင် သီးခြားနေထိုင်ခြင်း မဟုတ်ရပါ။ မိခင်ကြီး၏ ကျန်းမာရေးကြောင့် မိဘများအပါအဝင် သားသမီးနှစ်ဦးနှင့်အတူ ငှားစာရင်းဖြင့် မိသားစု နေထိုင်ကြခြင်းသာ ဖြစ်ပါသည်။

၆။ အမှတ်(၆၆/၃-အေ)၊ ရှမ်းကုန်းလမ်း၊ စမ်းချောင်းမြို့နယ် တိုက်ခန်းသည် (၂၀၀၀)ပြည့်နှစ်ကတည်းက ဒေါ်ငွေငွေအောင် လက်ရောက် ဝယ်ယူပိုင်ဆိုင် ထားသည့်အပြင် အိမ်ထောင်စုစာရင်းဖြင့် နေထိုင်သည့်အတွက် အဆိုပါတိုက်ခန်း ဝင်ထွက်ခွင့်ကို မည်သူ့ထံမှ ခွင့်တောင်းစရာ အကြောင်းမရှိပါ။

၇။ လင်မယားခန်းကိစ္စနှင့် ကုမ္ပဏီအခန်းကဏ္ဍကို ရောထွေးအောင်ကြော်ငြာခြင်းမှာ ရိုးသားမှု မဟုတ်ရပါ။ ဒေါ်ငွေငွေအောင်နှင့် ဦးဆလိုင်းအောင်အောင်တို့ လင်မယား ကွာရှင်းပြတ်စဲမှု မရှိသေးပါ။ ထို့အတူ ဆလိုင်းကျောက်စိမ်း/ကျောက်မျက်ကုမ္ပဏီရှိ မိမိတို့အစုရှယ်ယာများ စာရင်းရှင်းလင်းခွဲဝေမှု မရှိသေးပါ။

